မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရားၦတည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃၁)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၅ ရက်၊ စနေနေ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံအတွက် အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်ပေးစေလို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ⋆



အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၅ ရက်)

စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း

လူတိုင်းတွင် လူမှုဘဝရှင်သန်ရေးအတွက် အရေးသုံးပါးကိုဆောင်ရွက်နေကြရသည်။ ထိုအရေးသုံးပါးမှာ စားရေး၊ ဝတ်ရေး၊ နေရေးတို့ဖြစ်သည်။ လူတိုင်းအသက်ရှင်သန်ရန်မှာ စားရေးသည် အဓိကအကျဆုံးဖြစ်သည်။ မြန်မာနိုင်ငံသည် ဆန်ကိုထမင်းအဖြစ် နေ့စဉ်စားသုံးနေသည့်နိုင်ငံဖြစ်သည့်အတွက် ဆန်ရရှိရေးလုပ်ငန်းသည် မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကို အစဉ်အမြဲတိုးတက်အောင်ကြိုးပမ်းနေကြရမည်ဖြစ်သည်။ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ကူးပြောင်းကာ သီးနှံများအထွက်တိုးအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ ထမင်းနှင့်အတူတွဲဖက်စားသုံးရသည့် ဟင်းလျာအတွက်လည်း မွေးမြူရေးကိုလုပ်ဆောင်ကြရသည်။

စိုက်ပျိုးရေးတွင် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းမှာ အရင်းအနှီးကြီးမားသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သော်လည်း အကျိုးအမြတ်များပြီး တစ်ဦးချင်းစီနှင့်နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်း စီမံကိန်းနေရာသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်ပြောကြားရာတွင် **“ယခုဖော်ထုတ်ပြီးစီးသည့် စက်မှုလယ်ယာစနစ်ကျလယ်မြေကို စံပြဖြစ်အောင်ဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှု၊ ထွက်ရှိမှုတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်လိုကြောင်း၊ စိုက်ဧကများအားလုံး၌ မည်သည့် သီးနှံကို စိုက်ပျိုးသည်ဖြစ်စေ အပင်ရေပြည့်မီအောင်စိုက်ပျိုးသွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေသည် ပိုမိုများပြားပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်ကြသည်ဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြှင့်တင်ရေးကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

စက်မှုလယ်ယာမြေဖော်ထုတ်ခြင်း၏ အကျိုးကျေးဇူးများကို အများပြည်သူတို့အား အသိပညာပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို အစကောင်းမှအနှောင်းသေချာမည်ဆိုသကဲ့သို့ စတင်လုပ်ဆောင်သည့်လုပ်ငန်းမှန်သမျှကို စနစ်ကျနစွာလုပ်ဆောင်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမြေများကို စနစ်တကျဖြစ်စေရေး၊ စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းနှင့် စက်ယန္တရားများအသုံးပြု၍ စနစ်တကျမြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းမှာ ရေရှည်အကျိုးအတွက်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်အခြေခံအချက်များမှာ မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ဖြစ်သည်။ နည်းလမ်းလေးသွယ်တွင် မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်သကဲ့သို့ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးနှင့်အောင်ရေရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်မှုရရှိစေရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပန်းတိုင်အထွက်နှုန်းများ ပြည့်မီနိုင်မည်ဖြစ်သည်။

စပါးကိုမျိုးကောင်းမျိုးသန့်စိုက်ပျိုးမှသာ ဆန်အမျိုးအစားကောင်းများရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်ထွက်ရှိသောဆန်များမှာ အရည်အသွေးကောင်းမွန်မှသာ ပြည်သူများအဆင့်မီစားသုံးနိုင်ကြမည်ဖြစ်သည်။ ဆန်စပါးစျေးကွက်မှာ ပြည်တွင်းသာမက ပြည်ပတွင်လည်းရှိထားပြီးဖြစ်၍ အဓိကအားဖြင့် ဆန်များအရည်အသွေးကောင်းမွန်ရန်သာလိုအပ်သည်။ စျေးကွက်ရရှိနိုင်သည့်ဆန်များကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ဂုဏ်ဆောင်ပေါ်ဆန်းမွေးဆန်အား ကမ္ဘာ့စျေးကွက်ရရှိရေးကြိုးပမ်းကြရမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းဆုံအနီး စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းစီမံကိန်းလုပ်ငန်းများအားလုံးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်တွင် လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးခဲ့သည်။ ဆောင်ရွက်ပြီးစီးသည့်စနစ်ကျလယ်မြေများတွင် တောင်သူများကနွေစပါးစိုက်ပျိုးရန်ဆောင်ရွက်နေပြီဖြစ်ရာ ဧက ၁၀၀ ခန့်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ ကျန်ရှိသည့်ဧက ၁၇၀ ကျော်မှာလည်း ထွန်ယက်စိုက်ပျိုးရန် မြေယာပြုပြင်မှုများဆောင်ရွက်လျက်ရှိသည်။ တောင်သူများအနေဖြင့် အချိန်ရာသီမရွေးရိတ်သိမ်းသည့်အချိန်မှာရိတ်သိမ်းရန်နှင့် သယ်ယူပေးနိုင်ရန်အတွက် နိုင်ငံတော်က လယ်ယာသုံးစက်ကိရိယာများပံ့ပိုးထားပြီးဖြစ်သည်။ သို့ဖြစ်၍ အရည်အသွေးကောင်းသီးနှံများရရှိစေမည်ဖြစ်သည်။

စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ပေးသည့်အတွက် လယ်ကွက်များကျယ်ပြန့်ပြီး မြေယာပြန့်ပြူးခြင်းကြောင့် ယခင်ကရေသုံးစွဲသည့်ပမာဏထက် များစွာလျော့ချသုံးစွဲနိုင်သည်။ လယ်ကွက်ကျယ်များမှာ လယ်ယာသုံးစက်ကိရိယာများ စက်စွမ်းအားအပြည့်မောင်းနှင်အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် လောင်စာဆီသုံးစွဲမှုများကိုလည်းလျော့ချနိုင်မည်ဖြစ်သည်။ ကုန်ထုတ်လမ်းများပါဝင်သည့်အတွက် လယ်ယာသုံးစက်ကိရိယာများ အချိန်အခါမရွေးဝင်ထွက်သွားလာပြီးလုပ်ကိုင်နိုင်သည်။ တောင်သူများအနေဖြင့် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။ လယ်ယာလုပ်သားများအသုံးပြုသည့် နေရာတွင် လယ်ယာသုံးစက်ကိရိယာများဖြင့် စက်မှုလယ်ယာစနစ်ကိုပြောင်းလဲနိုင်သောကြောင့် လုပ်သားအင်အားလျော့ချနိုင်သည်။ အနှစ်ချုပ်ဆိုရသော် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ခြင်းမှာ တောင်သူဦးကြီးများနှင့်နိုင်ငံတော်အတွက်အကျိုးရှိသည့်လုပ်ငန်းဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရ ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည် ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ် စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

ချောင်းဇောက်ကျေးရွာ၌ ၄၀၀ ပို့မောတ်အားလိုင်း သွယ်တန်းပြီးစီးမှုစစ်ဆေး

ကျောက်တံခါး မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ချောင်းဇောက်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့မောတ်အားလိုင်း သွယ်တန်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ပြီးစီးနေမှုအခြေအနေများကို မတ်လ ၁၃ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ချောင်းဇောက်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့မောတ်အားလိုင်း ပေ ၂၅၀၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေနှင့် တစ်နာရီရေသန့် ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်တံခါးမြို့နယ် ချောင်းဇောက်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့မောတ်အားလိုင်းသွယ်တန်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေကျပ် ၂၃ ဒသမ ၄၀ သန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၂ သန်းအသုံးပြုပြီး ကျောက်တံခါးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီလ တတိယပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုညီ(ကျေးလက်)

သဇင် (FM)အသံလွှင့်အစီအစဉ်

၁၅-၃-၂၀၂၅(စနေနေ့)

၁။	၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့	၄။	၁၄:၅၀ Business Tips
၂။	၀၈:၂၀ Morning Songs	၅။	၁၆:၀၀ Holiday Vibes
၃။	၁၁:၅၀ စိုက်မွေးသုတ	၆။	၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ ခေတ်စဉ်
Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊ ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၀၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ် သန်း ၄၀၀ ကျော်ဖြင့် နွေစပါးကော ၂၀၀၀ ကျော် စိုက်ပျိုးမည်



မန္တလေး မတ် ၁၄

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်သုံးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ်သန်း ၄၀၀ ကျော်ဖြင့် နွေစပါးကော ၂၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှကြီးမှူး၍ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်၌ နွေစပါးကော ၆၀၀၀ ကျော် စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြို့နယ်များအနက် ကျောက်ဆည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့ရှိ သမဝါယမအသင်းသားတောင်သူ ၅၀၀ ကျော်က နွေစပါးကော ၂၀၀၀ ကျော်ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးမှာ ဒီနှစ် နွေစပါးစိုက်ပျိုးဖို့လျာထားတဲ့ မြို့နယ် ၁၄ မြို့နယ်ရှိပါတယ်။ အဲဒီ ၁၄ မြို့နယ်မှာ သမဝါယမအသင်း ၄၉ သင်းရှိပြီး နွေစပါး ၆၁၇၈ ဒသမ ၅ ဧက စိုက်ပျိုးဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။ အဲဒီ ၁၄ မြို့နယ်ထဲက ကျောက်ဆည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နဲ့ရမည်းသင်းမြို့နယ်က သမဝါယမအသင်းသားတောင်သူ ၅၃၃ ဦးအနေနဲ့ နွေစပါး ၂၀၃၃ ဧကကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ငွေကျပ် ၄၀၆ ဒသမ ၆ သန်းနဲ့ စိုက်ပျိုးမှာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးကပြောသည်။

ထိုသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးရာတွင် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများကို စိုက်ပျိုးချိန်အမိ သက်ဆိုင်ရာ တောင်သူများလက်ဝယ်အရောက် ပံ့ပိုးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်နှစ်က နွေစပါးထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် စပါးတင်း ၉၀ နှင့် ၁၀၀ ကြားထွက်ရှိခဲ့ပြီး ယခုနှစ်တွင် ပြီးခဲ့သည့်နှစ်ကထက် အထွက်နှုန်းပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်မှန်းထားကြောင်း၊ လက်ရှိ မန္တလေးတိုင်းဒေသကြီးအတွင်း နွေစပါးကော ၁၇၀ ခန့် စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ကျန်စိုက်ဧက ၆၀၀၀ ကျော်အတွက် ပျိုးထောင်ခြင်း၊ မြေပြုပြင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလောက်ပိသာ ၈၄၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိသာ ၈၄၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြင့်မော်၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလက ငါးသလောက် ပိသာ ၅၆၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ တစ်လတာကာလအတွင်း ငါးသလောက် ပိသာ ၈၄၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ကျိုက်လတ်ဒေသကနေ ထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလတစ်လတာအတွင်း ငါးသလောက် ပိသာ ၈၄၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးသလောက်ကတော့ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး စျေးနှုန်းအမျိုးမျိုးရှိပါတယ်။ လက်ရှိလည်း ရန်ကုန်စျေးကွက်ကနေ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်"ဟု ဒေါ်မြင့်မော်ကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်များ အရောင်းအဝယ်ပုံမှန်ဖြစ်နေသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

မန္တလေးပဲနှမ်းစျေးကွက်သို့ တစ်ရက်လျှင် ပဲစင်းငုံအိတ် ၅၀၀၀ ကျော် ဝင်ရောက်ကာ အရောင်းအဝယ်သွက်နေ

မန္တလေး မတ် ၁၄

မန္တလေးပဲနှမ်းစျေးကွက်သို့ ယခုရက်ပိုင်းအတွင်း ပဲစင်းငုံများ လှိုင်လှိုင်ဝင်ရောက်ပြီး ကုန်သည်ဝယ်လက်များကဝယ်ယူမှုများပြားနေခြင်းကြောင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲနှမ်းကုန်သည်များ၏ပြောဆိုချက်အရ သိရသည်။

လက်ရှိတွင် မန္တလေးပဲနှမ်းစျေးကွက်အတွင်းသို့ အနယ်နယ်အရပ်ရပ်မှထွက်ရှိသောပဲစင်းငုံများ တစ်ရက်လျှင် သုံးတင်းဝင်အိတ် ၅၀၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"အခုချိန်က အနယ်နယ်အရပ်ရပ်ကနေ ပဲစင်းငုံတွေ တင်ပို့ရောင်းချနေတဲ့ကာလဖြစ်ပါတယ်။ ဒီနှစ်မှာ ပြီးခဲ့တဲ့နှစ်ကထက် တောင်သူတွေ စျေးပိုရရှိပြီး အဆင်ပြေနေပါတယ်" ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ပဲစင်းငုံများသည် ဓာတုဆေးဝါးများကင်းစင်ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းနှင့် အရသာရှိခြင်းတို့ကြောင့် ပြည်ပဝယ်လက်များက နှစ်စဉ်ဝယ်ယူကြကြောင်း၊ ပဲစင်းငုံကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ စိုက်ပျိုးကြသည့်အနက် မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူဒေသမှထွက်ရှိသော ပဲစင်းငုံများသည် အရည်အသွေးပိုမိုကောင်းမွန်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ပဲစင်းငုံသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးသော အဓိကပဲသုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည့်အတွက် တောင်ပေါ်၊ မြေပြန့်မှ တောင်သူများက တိုးချဲ့စိုက်ပျိုးလာကြကြောင်း၊ နိုင်ငံတော်မှလည်း တောင်သူများအား ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းသော ပဲစင်းငုံမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများဘက်မှလည်း မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး



တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

သူသည် မိန်းမလိုက်စားသော ဝါသနာမရှိသော်လည်း အပျိုချောရှိသော လူကြီးလူကောင်းများ၏အိမ်သို့ မိတ်ဖြစ်ဆွေဖြစ်သဘောနှင့် တစ်အိမ်တက်ဆင်းလှည့်လည်တတ်လေရာ ကျွန်ုပ်တို့အား ဤညတွင် မြတောင်ရွာအပျိုချောများကို ပြရမည်ဆိုကာ ခေါ်သွားခြင်းဖြစ်လေသည်။ အထက်ဖော်ပြပါ အင်္ဂါရုပ်များနှင့်ပြည့်စုံသော ကိုဝင့်မော်အဖို့မှာ ပျူပျူငှာငှာဧည့်မခံချင်သော အိမ်ရှင်မရှိ။ အိမ်ပေါ်သို့ တက်သွားကြသည်ဆိုလျှင် ကော်ဇောခင်းပြီး လက်ဖက်ရည်ကြမ်းနှင့် အမြည်းဖြစ်စေ၊ သို့မဟုတ် ကော်ဖီနှင့် ဘီစကွတ်မုန့်ဖြစ်စေ တည်ခင်းကျွေးမွေးကြသည်ချည်းဖြစ်၏။ တစ်အိမ်၊ နှစ်အိမ်မျှ တက်မိကြလျှင် ကျွန်ုပ်သည် မြတောင်ရွာ၏ထူးခြားချက်တစ်ခုကို သတိပြုမိ၏။ ကျွန်ုပ်၏ဖခင် မွေးဖွားရာဖြစ်သော ရွှေဘိုနယ်ဘက်၌မူ တောရွာကလေးများတွင် ဧည့်ကြိုးဧည့်ကောင်းဆို၍ ထိုက်တန်အောင် သားသားနားနားခင်းကျင်း ပြင်ဆင်ကျွေးမွေးနိုင်သော အိမ်ဟူသည်မှာ သူကြီးအိမ်မှတစ်ပါး ခပ်ရှားရှားတွေ့ရ၏။ သူကြီးအိမ်ဆိုသည်မှာလည်း မြို့အုပ်၊ ဝန်ထောက်စသော အရာရှိများလာတတ်သဖြင့် ဧည့်ခံနိုင်ရန် တမင်ပြင်ဆင်ထားရခြင်းမျှသာဖြစ်လေသည်။

ရွှေဘိုနယ်မှ တောရွာများကို ထားပါဦး။ ရွှေဘိုမြို့နှင့် မန္တလေးမြို့ကြီးပေါ်၌ပင် (ထိုစဉ်အခါက) အိမ်တိုင်းတွင် ကော်ဇောအသစ်တစ်ချပ်ရှိသော အိမ်ခပ်ရှားရှား၌ ညအိပ်ဧည့်သည်လာသည်ဆိုလျှင် ဟိုအိမ်သည်အိမ်မှ စောင်၊ ခေါင်းအုံးမင်္ဂသားရသော အိမ်ဟူ၍ရှားလှပေသည်။ ခြင်ထောင်မူကား ဆယ်အိမ်တွင်မှ အပိုတစ်လုံးထားနိုင်သူမရှိခဲ့ချေ။ မြတောင်ရွာကလေးမူကား (ဤရွာသာမဟုတ်၊ မြစ်ရိုးတစ်လျှောက်ရှိ ရွာတိုင်းလိုပင် ဤနည်းနှင်နှင် တွေ့ရ၏။) သစ်ကုန်သည်များ၊ အင်းဒိုင်များဆိုသည့် အထက်တန်းလွှာ လူတန်းစားသာမက နဲသမားတစ်ယောက်၏အိမ်၌ပင် သင့်တင့်လျောက်ပတ်စွာ ဧည့်ခံနိုင်ခြင်းကိုတွေ့ရသည်။ ထိုညဉ်၌ ကျွန်ုပ်တို့သည် သူကြီးအိမ်နှင့် သစ်ကုန်သည်တစ်ယောက်၏အိမ်တစ်အိမ်မျှသာ တက်ကြပြီးနောက် နဲသမားတစ်ယောက်၏အိမ်၌ အချိန်အကြာဆုံးနေ၍ နောက်ပိတ်ဆုံးအနေဖြင့် လက်စသတ်လိုက်ကြ၏။ နဲသမား၏အိမ်သို့ရောက်ကြရခြင်းမှာ ထိုသူ၌ အသံကောင်း၍ တေးချင်းဆိုတတ်သော သမီးကလေးတစ်ယောက်ရှိရာ ကိုဝင့်မော်မှာ ဂီတဝါသနာပါသူဖြစ်၍ ကျွန်ုပ်ဝါသနာပါခြင်းကိုလည်းသိသည်နှင့် သမီးက တေးဆို၊ ဖခင်က နဲမှုတ်ခြင်းဖြင့် 'ရွှေနားတော်သွင်း' ကြစေရန်အကြံနှင့် ဝင်ရောက်ခြင်းဖြစ်လေသည်။ သူငယ်ချင်းဝန်ထောက် ကိုဝင့်မော်၏ ထူးခြားသော ဝါသနာတစ်ခုမှာ တဲစုတ်သော၊ နှစ်ဆောင်ပြိုင်အိမ်သောမရွေး။ သူခင်မင်လျှင် ဝင်ချင်ရာဝင်ပြီး ထိုင်ချင်ရာ ထိုင်တတ်ခြင်းပင်ဖြစ်လေသည်။ မျက်နှာကြီးငယ်မလိုက်တတ်ခြင်း၊ ဂုဏ်ပကာသနကို ဂရုမစိုက်ခြင်း၊ ဟန်ကြီးပန်ကြီးမလုပ်တတ်ခြင်းတည်းဟူသော အရာဌာနတွင် ကိုဝင့်မော်ကို မိနိုင်သူဟူ၍ ကျွန်ုပ်မတွေ့ရဖူးချေ။

ဝရန်တာမှ ရှုခင်း

မြတောင်ရွာတွင် ယခင်က အကောက်ဝန်ထောက်ဟူ၍မရှိခဲ့ပေ။

**"မြတောင်ရွာ၏အနောက်ဘက်အစွန်း (ရွာမြီး) ၌ သစ်ဝါးဖြင့်ဆောက်လုပ်ထားသည့် အိမ်မြင့်(ဗိုလ်အိမ်ကြီး)နှစ်ဆောင်ရှိရာ တစ်အိမ်မှာ တောအုပ်ကြီးအတွက်ဖြစ်၍ ဒုတိယအိမ်မှာ အကောက်ဝန်ထောက်အတွက်ဖြစ်၏။ အိမ်နှစ်ဆောင်လုံးသည် မြစ်ဘက်သို့ မျက်နှာမူလျက်ရှိ၍ရှုခင်းသာလှ၏။ ဝရန်တာမှ ပက်လက်ကုလားထိုင်တွင်ထိုင်လျက် မျှော်ကြည့်လိုက်သည့်အခါ တစ်ဖက်ကမ်းရှိထီးချိုင့်မြို့နှင့် တောင်ထိပ်မှ မြသိန်းတန်ဘုရားကိုလည်းကောင်း၊ ဧရာဝတီမျက်နှာပြင်၌ စုန်ဆန်သွားလာလျက်ရှိကြသည့် သင်္ဘော၊ သမ္ဗန်၊ လောင်းလှေ၊ ပိန်းကောကိုဝင့်မော်သည် ပထမဦးဆုံး အကောက်ဝန်ထောက်ဖြစ်၍ ၎င်းအတွက် နေအိမ်သီးခြားဆောက်လုပ်ထားခြင်းမရှိသေးဘဲ သစ်တောရုံးအဆောက်အအုံကိုပင် ဝန်ထောက်၏နေအိမ်အဖြစ် အသုံးပြုရ၏။ ဧရာဝတီမြစ်သည်မြတောင်ရွာအနီးတွင် ထုံးစံအတိုင်း တောင်နှင့်မြောက်မစီးဆင်းဘဲ ကွေ့ကွေ့ကောက်ကောက်ရှိသည်ဖြစ်၍ မြစ်ကမ်းပါးပေါ်၌ တည်ထားသည့် မြတောင်ရွာမှာ အရှေ့နှင့်အနောက် တန်းလျက်ရှိ၏။ မြတောင်ရွာသည် မြစ်ကမ်းပါးပေါ်၌ တည်ထားသည့်ရွာများ၏ထုံးစံအတိုင်း ရွာရှည်ကြီးဖြစ်ရာ ရွှေဘိုနယ်ဘက်၌မူ ရွာများသည် အများအားဖြင့် ခပ်ဝိုင်းဝိုင်းရှိကြလေသည်။ မြတောင်ရွာ၏အနောက်ဘက်အစွန်း (ရွာမြီး)၌ သစ်ဝါးဖြင့်ဆောက်လုပ်ထားသည့် အိမ်မြင့်(ဗိုလ်အိမ်ကြီး)နှစ်ဆောင်ရှိရာ တစ်အိမ်မှာ တောအုပ်ကြီးအတွက်ဖြစ်၍ ဒုတိယအိမ်မှာ အကောက်ဝန်ထောက်အတွက်ဖြစ်၏။ အိမ်နှစ်ဆောင်လုံးသည် မြစ်ဘက်သို့ မျက်နှာမူလျက်ရှိ၍ရှုခင်းသာလှ၏။ ဝရန်တာမှ ပက်လက်ကုလားထိုင်တွင်ထိုင်လျက် မျှော်ကြည့်လိုက်သည့်အခါ တစ်ဖက်ကမ်းရှိထီးချိုင့်မြို့နှင့် တောင်ထိပ်မှ မြသိန်းတန်ဘုရားကိုလည်းကောင်း၊ ဧရာဝတီမျက်နှာပြင်၌ စုန်ဆန်သွားလာလျက်ရှိကြသည့် သင်္ဘော၊ သမ္ဗန်၊ လောင်းလှေ၊ ပိန်းကောများကိုလည်းကောင်း၊ တအိအိတရွေ့ရွေ့မျှောချလာကြသည့် သစ်ဖောင်၊ ဝါးဖောင်၊ ကြိမ်ဖောင် စသည်များကိုလည်းကောင်း၊ ဟိုဘက်ကမ်း သည်ဘက်ကမ်း ခေါက်တုံ့ခေါက်ပြန် တကျွိကျွိ တကွိကွိနှင့် လှော်ခတ်ကြသည့် 'ငှက်' (သမ္ဗန်)များကိုလည်းကောင်း ပြတ်တောသည်မရှိဘဲ နေ့ရောညပါ မြင်ရကြားရ၏။ သို့သော် ကျွန်ုပ်တို့လူစု မျှော်လင့်အားအထားဆုံးသော အချိန်သည်ကား ညနေခင်းအချိန်ပေတည်း။

မြတောင်သူ အပျိုချောများ

ရှင်းပါဦးအံ့။ ဧရာဝတီမြစ်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြတောင်ရွာအနီးတွင် ကွေ့ကွေ့ကောက်ကောက် စီးဆင်း၍ တချို့နေရာများ၌ ကမ်းပါးပြိုလျက်ရှိသောကြောင့် မြတောင်ရွာသည် တစ်ခုတည်းသော ရေဆိပ်ကိုသာ အသုံးပြုနိုင်၏။ ယင်းရေဆိပ်မှာလည်း သစ်တောရုံးရှေ့တည့်တည့်၌ရှိနေ၏။ ထိုရေဆိပ်တွင် ဝါးဖောင်များလည်း (တစ်ဖောင်ပြီးတစ်ဖောင်) အမြဲလိုပင်ဆိုက်ကပ်လျက်ရှိရာ ရေခပ်သူများလည်း ဖောင်ပေါ်သို့တက်၍ (ရေကောင်းရေသန့်ရစေခြင်းငှာ) ဖောင်အစွန်သို့ လျှောက်သွားပြီးမှ ရေခပ်ကြရ၏။ ရေချိုးသူများလည်း ယင်းနည်းအတိုင်းပင် ပြုလုပ်ကြသည်။ သို့ဖြစ်၍ ညနေခင်းအချိန်များတွင် မြတောင်တစ်ရွာလုံးရှိ အပျိုဟူသမျှသည် ငါးယောက်တစ်တန်း၊ ခြောက်ယောက်တစ်တန်း စသည်ဖြင့် ရေအိုးများရွက်ကာ ရေဆိပ်သို့လာကြလေရာ သစ်တောရုံးဝရန်တာမှထိုင်လျက် တစ်ညနေမျှ မျှော်ကြည့်လိုက်ပါက မြတောင်ရွာရှိ အပျိုပေါင်းစုံကို တစ်ယောက်မကျန်မြင်ရသည်ဟု ဆိုနိုင်လောက်ပေသည်။ (သစ်တောရုံး၌ လူပျိုလူချောသစ်တောအရာရှိတစ်ယောက် ရှိနေခြင်းသည် မြတောင်သူအပျိုများအတွက် ရေခပ်ရခြင်းအလုပ်၌ ငြီးငွေ့ခြင်းပြေပျောက်စေလေသလော မပြောတတ်ပေ။) မည်သို့ဆိုစေ၊ ရေဆိပ်သို့ ညစ်တီးညစ်စုတ်မလာစေဘဲ သပ်သပ်ရပ်ရပ်ဝတ်ဆင်လာစေဖို့ တိုက်တွန်းချက်တစ်ခုဖြစ်စေသည်ဟူ၍ကား ကျွန်ုပ်ယုံကြည်သည်။ ရေဆိပ်သို့လာကြသောအပျိုများသည် ပွဲနေပွဲထိုင်ထွက်ရသကဲ့သို့ ဝတ်ကောင်းစားလှကြီးမဟုတ်သော်လည်း သရက်ထည်လုံချည်လတ်လတ်နှင့် (တတ်နိုင်သူများက) အင်္ကျီဒိုဘီချမျှလောက်ကိုတော့ ဝတ်ဆင်လာကြသည်။ ဆံပင်ကောင်းသူများကလည်း ဆံပင်ဖားလျားချကာ လာတတ်ကြပေရာ သနပ်ခါးပန်းပန်ဟူသည်မှာ အပျိုတိုင်းလိုပင် ပန်ဆင်လာကြခြင်းကို တွေ့ရ၏။ ရေအိုးကို ဦးခေါင်းပေါ်တွင် ရွက်ထားရသော်လည်း ရေစီးကျပြီး သနပ်ခါးပျက်ခြင်းမရှိရလေအောင် အပျိုတိုင်းလိုပင် ကျင်လည်မှုရှိကြလေသည်။ ကျွန်ုပ်တို့လူစုသည် ဝရန်တာ၌ထိုင်လျက် ရေဆိပ်ဘက်သို့ မျှော်ကြည့်နေကြစဉ် သစ်တောရုံးဘက်သို့ မသိမသာ၊ မထင်မရှားစောင်းငဲ့၍မကြည့်မိသော အပျိုဟူ၍မရှိခြင်းကိုလည်း ကျွန်ုပ်သတိပြုမိ၏။ ဤတွင် ကျွန်ုပ်က ကိုဝင့်မော်အား-

"ဘယ့်နယ်လဲဗျ ကိုဝင့်မော်၊ မြတောင်အပျိုချောတွေက ခင်ဗျားရုံးဘက်ကို တယ်ကြည့်ကြပါကလား" ဟု ပြောလိုက်ရာ ကိုဝင့်မော်၏စာရေးကလေးက "ခါတိုင်း ဒါလောက်မဟုတ်ပါဘူး ခင်ဗျာ၊ ဒီနေ့တော့ ဆရာတို့ရောက်တဲ့သတင်းကြားလို့ ဒါလောက်ကြည့်တာပါ" ဟု ပြော၏။

ဆက်လက်ဖော်ပြပါမည်။

မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြှိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးလန့်မှုမဖြစ်ပွားစေရေးနှင့်မီးဘေးအန္တရာယ်တားဆီးကာကွယ်နိုင်စေရေးရည်ရွယ်၍ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့်လက်တွေ့မီးငြှိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုများကို မတ်လ ၁၄ ရက်တွင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာရှိ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ၌ ဆောင်ရွက်သည်။

အဆိုပါသရုပ်ပြပွဲတွင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီထွန်းနှင့်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းများ၊ မီးလောင်မှုဖြစ်ပွားနိုင်သည့်အခြေအနေများ၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် လိုက်နာရမည့်အချက်များနှင့်ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးဟောပြောပြီး မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်နည်း၊ အောက်ဆီဂျင်ဖြတ်တောက်သည့်နည်းစနစ်ဖြင့် ဖုံးအုပ်မီးငြှိမ်းသတ်နည်း၊ ရေစိုဝတ်အသုံးပြု၍ မီးငြှိမ်းသတ်နည်း၊ လောင်စာဆီကြောင့် လောင်ကျွမ်းသောမီးကိုငြှိမ်းသတ်နည်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရမည့် နည်းစနစ်များ စသည်တို့ကို လက်တွေ့သရုပ်ပြသကြရာ မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ၌ နေထိုင်သူများက လက်တွေ့ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။



ချမ်းမြေ

သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ပြည်လုံးချမ်းသာစေတီလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကျင်းပ





လွိုင်ကော် မတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် သားသမီး မြေးတစ်စုကမတည်၍ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ပြည်လုံးချမ်းသာစေတီအပါအဝင် စေတီတော် (၉)ဆူနှင့် ရုပ်ပွားတော်မြတ်များအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ အဘယမုဒြာသိရီရတနာ ဂန္ဓကုဋိတိုက် ဖွင့်လှစ်ခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ စေတီတော်ပရိဝုဏ်အတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တပ်နယ်မှတာဝန်ရှိသူများ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားအား သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ရင်ပြင်၌ပြုလုပ်၍ ဆရာတော် သံဃာတော်များအား ဥပါသကာများက တံခွန်၊ ကုက္ကား၊ မုလေးပွားများဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကာ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ အဘယမုဒြာသိရီရတနာဂန္ဓကုဋိတိုက်ဖွင့်ပွဲမင်္ဂလာအခမ်းအနားအား ပြုလုပ်ရာ တပ်နယ်မှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က အဘယမုဒြာသိရီရတနာဂန္ဓကုဋိတိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဂန္ဓကုဋိတိုက်ဆိုင်းဘုတ်အား စက်ဆလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချမင်္ဂလာအခမ်းအနားကို အဆိုပါဂန္ဓကုဋိတိုက်ဌာနဆရာတော် သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှုးပြုသော ဧည့်ပရိသတ်များက "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ၊ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဆရာတော်ဘဒ္ဒန္တ ပညာစက္က (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များမှ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ပွားပူဇော်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်နယ်မှတာဝန်ရှိသူများ၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပါဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင် အလှူရှင်များအား လှူဒါန်းမှုအစုစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် သားသမီးမြေးတစ်စုတို့မှ လှူဒါန်းမှုတို့အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်ကလည်းကောင်း၊ လွိုင်ကော်တပ်နယ်မှ လှူဒါန်းမှုအတွက် တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်ပအလှူရှင်များက လှူဒါန်းမှုအတွက် လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ တစ်ဦးချင်းလှူဒါန်းသည့် အလှူရှင်များကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ လက်ခံရယူခဲ့သည်။

ဆက်လက်၍ ပြည်နယ်သံဃာနာယကအဖွဲ့ဥက္ကဋ္ဌ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဆရာတော်ဆိုမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များက **"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"** သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား နေ့လယ်စာစတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယခုကျင်းပသည့် သီရိမင်္ဂလာတောင်တော်(တောင်ကွဲ)စေတီတော် ပြည်လုံးချမ်းသာစေတီအပါအဝင် စေတီတော် (၉)ဆူနှင့် ရုပ်ပွားတော်မြတ်များအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းအတွက် စေတနာရှင် အလှူရှင်များ၏လှူဒါန်းမှုမှာ ငွေကျပ်သိန်း ၅၅၆၈ ကျော်ဖြစ်ကြောင်း သိရသည်။ **(၅၀၀)**

ပျဉ်းမနားမြို့နယ်အတွင်းရှိ Myanmar Agri Foods Co., Ltd.မှ ဟင်းသီးဟင်းရွက်အေးခဲထုတ်လုပ်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး



နေပြည်တော် မတ် ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအုပ်စုရှိ တောင်သူလယ်သမားများနှင့် အကျိုးတူကန်ထရိုက်စနစ်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်၍ ဟင်းသီးဟင်းရွက် အေးခဲထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့လျက်ရှိသည့် Myanmar Agri Foods Co., Ltd. သို့ သွားရောက်ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ တောင်သူလယ်သမားများနှင့် အကျိုးတူကန်ထရိုက်စနစ် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ စက်ွမ်းအားပြည့်လည်ပတ်နိုင်ရေးမှာကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် အစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊နေပြည်တော်ကောင်စီ အတွင်းရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ သွားလာမှုအဆင်ပြေစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းရေး၊ စာမေးပွဲဆိုင်ရာ လုံခြုံရေးနှင့်လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိစေရေးတို့ကို လစ်ဟာမှုမရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

သထုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

သထုံ မတ် ၁၄

မွန်ပြည်နယ် သထုံမြို့နယ်၌ (၅၁) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါ်တော်မူကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၄ ရက်တွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးရဲနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးမောင်မောင်မြင့်၊ ခရိုင်ပညာရေးမှူးဦးခဲမိုင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ မြို့နယ်ပညာရေးမှူးဦးမြင့်ထွေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အခမ်းအနားကိုကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်အား တာဝန်ယူဆောက်လုပ်ခဲ့သည့် Mother Land and Development Company မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်းနှင့် ပတ်သက်၍ ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ကျောင်းဆောင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပေါ်တော်မူကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၆၀၀ ဦးခန့် ပညာသင်ကြားခဲ့ကြပြီး အဆိုပါကျောင်းဆောင်သစ်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ RC နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

လှည်းကူးပညာရေးဒီဂရီကောလိပ်၌ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ကျောင်းကောင်စီအသင်းလိုက် မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပြိုင်ပွဲအခမ်းအနားကို မတ်လ ၁၃ ရက်က အဆိုပါကောလိပ် ပညာ့အားမာန်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားကို ရွှေဘို သနပ်ခါးသီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး လှည်းကူးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က အမှာစကားပြောကြားသည်။

အဆိုပါ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်ကျောင်းကောင်စီအသင်းငါးသင်းမှ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော အသင်းများအား လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ လှည်းကူးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၇၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးအေးနွဲ့(ပြန်/ဆက်)

တောင်သာမြို့နယ် မာလာကျေးရွာ၌ VRFP စီမံကိန်း လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေး

တောင်သာ မတ် ၁၄

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနက် မာလာကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို မတ်လ ၁၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ချေးငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်များ ကျေပွန်ရန်လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း တာဝန်ခံ ဒေါ်ပပဝင်းခိုင်က မာလာကျေးရွာကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၃၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းတာဝန်ခံက ကျေးရွာကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးအတွက် ငွေကျပ် ၁၀၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးအတွက် ငွေကျပ် ၂၀၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးအတွက် ငွေကျပ် ၁၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးအတွက် ငွေကျပ်သိန်း ၃၃၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးကို

Medical Fair India 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန်ဖိတ်ခေါ်ထား

ရန်ကုန် မတ် ၁၄

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ယခုလ အတွင်းကျင်းပမည့် Medical Fair India 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန် သက်ဆိုင်ရာမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။


အိန္ဒိယနိုင်ငံ၏ ထိပ်တန်းဆေးဘက်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုဖြစ်သော Medical Fair India 2025 ပြပွဲကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Bharat Mandapam Convention Center ရှိ ခန်းမအမှတ် (၄) နှင့် (၅) တို့တွင် မတ်လ ၂၇ ရက်မှ ၂၉ ရက် အထိ သုံးရက်ကြာကျင်းပမည်ဖြစ်သည်။

ထိုပြပွဲကို နှစ်စဉ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့နှင့် နယူးဒေလီမြို့တို့၌ အလှည့်ကျကျင်းပလျက်ရှိပြီး ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံကို ခင်းကျင်းပြသလေ့ရှိကြောင်း၊ ပြပွဲနှင့်အတူ ဆွေးနွေးပွဲများလည်း ကျင်းပမည်ဖြစ်ကာ ထိုဆွေးနွေးပွဲများတွင် လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလက်လှမ်းမီပြီး စျေးနှုန်းသက်သာစေရန် ဖြေရှင်းနည်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

Medical Fair India 2025 ပြပွဲ၌ နိုင်ငံပေါင်း ၁၅ နိုင်ငံခန့်မှ ကုမ္ပဏီပေါင်း ၃၅၀ ကျော်ပါဝင်ပြသမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်လိုသူများ၊ ဖြန့်ဖြူးရောင်းချသူများကိုရှာဖွေနေသည့် နိုင်ငံတကာနှင့် အိန္ဒိယနိုင်ငံမှ ပြည်တွင်းထုတ်လုပ်သူများနှင့်ချိတ်ဆက်မိကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲ၌ ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၆၂၂ နှင့် Email:event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး



မြန်မာနိုင်ငံ၏ ဆိတ်မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအလားအလာများ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆိတ်မွေးမြူရေးလုပ်ငန်းကို ကျေးလက်နေပြည်သူများအတွက် ဝင်ငွေရရှိစေသည့်လုပ်ငန်းတစ်ခုအဖြစ် တစ်နိုင်တစ်ပိုင်လုပ်ငန်းအနေနှင့်သာမကဘဲ စီးပွားဖြစ်လုပ်ငန်းတစ်ခုအနေနှင့်ပါ မွေးမြူနေကြသည်။ ဆိတ်မွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးအနည်းငယ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းကိုစတင်နိုင်ပြီး ကျေးလက်ဒေသများတွင်ဝင်ငွေကောင်းမွန်စေသည့် အလုပ်အကိုင်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆိတ်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသများအတွက် အလားအလာကောင်းရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဆိတ်များကို အဓိကအားဖြင့် အသားနှင့်နို့အတွက် မွေးမြူကြသည်။ ဆိတ်မွေးမြူရေးလုပ်ငန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အထောက်အကူပြုနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆိတ်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလားအလာများစွာရှိကြောင်း လေ့လာသုံးသပ်မိသည်။

သဘာဝအရင်းအမြစ်နှင့်ကိုက်ညီမှု

မြန်မာနိုင်ငံသည် ကျေးလက်ဒေသများတွင် သဘာဝစားကျက်ခင်းများ၊ သဘာဝပေါက်ပင်များနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသောကြောင့် ဆိတ်မွေးမြူရေးလုပ်ငန်းအတွက် အလွန်သင့်တော်သည်။ ဆိတ်များသည် ပူပြင်းခြောက်သွေ့သည့်ရာသီဥတုကို နှစ်သက်ပြီး ချုပ်၊ ဆီးပင်နှင့် ကန္တာရပင် စသည့် အပူပိုင်းတွင် ပေါက်ရောက်သည့်အပင်တို့၏အရွက်များကို အဓိကစားသုံးသော တိရစ္ဆာန်များဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် လွယ်ကူစွာ မွေးမြူနိုင်သည်။ ထို့ကြောင့် ဆိတ်မွေးမြူရေးလုပ်ငန်းကို အလယ်ပိုင်းခြောက်သွေ့ဒေသများ (ဥပမာ – မကွေး၊ စစ်ကိုင်း၊ မန္တလေး)တွင် အဓိကတွေ့ရှိရပြီး အခြားဒေသများထက် ပိုမိုဖွံ့ဖြိုးလျက်ရှိသည်ကို တွေ့ရှိရသည်။

ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့်စတင်နိုင်ခြင်း

ကျေးလက်ဒေသများတွင်ဆိတ်များအား သဘာဝအစာများကို အဓိကအားထား၍ မွေးမြူနိုင်ပြီး ဖြည့်စွက်စာအနည်းငယ်သာလိုအပ်သည့်အတွက် အစာကုန်ကျစရိတ် သက်သာသည်။ ဆိတ်ခြံကိုလည်း ဒေသထွက် သစ်၊ ဝါး စသည်တို့ကိုအသုံးပြု၍ စရိတ်စကနည်းနည်းဖြင့် ဆောက်လုပ်နိုင်သည်။ ထို့ကြောင့် ဆိတ်မွေးမြူရေးလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် စတင်နိုင်သောလုပ်ငန်းတစ်ခုဖြစ်သည်။

ဆိတ်သားတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရဓာတ်များပါဝင်မှု

ဆိတ်သားသည် အမျှင်ဓာတ်များပြီး ပရိုတင်းဓာတ်ကြွယ်ဝစွာ ပါဝင်ပြီး ကြွက်သားဖွံ့ဖြိုးမှု၊ တစ်သျှူးပြန်လည်ပြုပြင်မှုနှင့် ခုခံအားစနစ်အတွက် အရေးပါသည့် အာဟာရဓာတ်ဖြစ်သည်။ ဆိတ်သားတွင် ဟီမိုဂလိုဘင်ထုတ်လုပ်မှုအတွက်အရေးပါသော သံဓာတ်ပါဝင်မှုမြင့်မားသဖြင့် သွေးအားနည်းရောဂါကို



ကာကွယ်ပေးနိုင်သည်။ ဗီတာမင် B 12၊ B 3 (နီယာစင်)၊ B 6 စသည့် ဗီတာမင်များကြွယ်ဝစွာပါဝင်သဖြင့် ဦးနှောက်လုပ်ဆောင်မှုနှင့် အာရုံကြောစနစ်ကို လည်းအထောက်အကူပြုသည်။ ထို့ပြင် ဆိတ်သားတွင်ဇင့်ဓာတ်ပါဝင်ဖြင့်ခုခံအားစနစ်ကိုမြှင့်တင်ပေးပြီး ဆယ်လီနီယမ်ပါဝင်ခြင်းကြောင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ်လုပ်ဆောင်ကာ ကင်ဆာကာကွယ်မှုကို အထောက်အကူပြုနိုင်ပါသည်။ ဆိတ်သားတွင် အဆီနှင့်ကိုလက်စထရောပါဝင်မှုနည်းပါးသဖြင့် သွေးတိုးနှင့် နှလုံးရောဂါအန္တရာယ်ကို လျော့ချပေးနိုင်သည်။ တန်ဆေးလွန်ဘေးဆိုသကဲ့သို့ လူ့ကျန်းမာရေးအတွက်အကျိုးပြုအာဟာရဓာတ်များ မြင့်မားစွာပါဝင်သော်လည်း ဆိတ်သားတွင် ပျမ်းမျှ ပျူရင်း(Purine) ပါဝင်မှုမြင့်မားသောကြောင့် အဆစ်အမျက်ရောင် ဂေါက်ရောဂါရှိသူများအနေဖြင့် လျော့စားသင့်ကြောင်း သိရှိရသည်။

ပြည်တွင်းနှင့် နိုင်ငံတကာစျေးကွက်အလားအလာ

မြန်မာနိုင်ငံတွင် ဆိတ်သားသည် ပြည်တွင်းစျေးကွက်၌ အခြားအသားနှင့် နှိုင်းယှဉ်ပါက စျေးနှုန်းတည်ငြိမ်သဖြင့် ဝယ်လိုအားမြင့်မားလျက်ရှိသည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်း၊ တရုတ်နိုင်ငံနှင့် အာရှနိုင်ငံများတွင် ဆိတ်သားအတွက် ဝယ်လိုအားမြင့်မားပြီး မိမိတို့နိုင်ငံအနေဖြင့်ထိုစျေးကွက်များသို့ ဆိတ်သားတင်ပို့နိုင်ရန် အလားအလာများရှိသည်။ ထို့ပြင် ဆိတ်နို့သည်လည်း နွားနို့ထက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည်ဟု ယုံကြည်လာကြခြင်းကြောင့် နိုင်ငံတကာတွင် စျေးကွက်တိုးတက်လျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစပ်လုပ်ကိုင်နိုင်ခြင်း

မြန်မာနိုင်ငံတွင် အခြားတစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများနည်းတူ ဆိတ်မွေးမြူရေးကိုလည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုပေါင်းစပ်၍ လုပ်ကိုင်နိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများဖြစ်ကြသည့် ကောက်ရိုး၊ ပဲရိုး၊ ပဲမှော်၊ ဝါကြိတ်ဖတ်နှင့် ဆီးမှုန့်တို့ကို ဆိတ်များအားကျွေးမွေးလေ့ရှိကြသည်။ ထိုစိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို စနစ်တကျပြုပြင်၍ကျွေးမွေးနိုင်ပါက ဆိတ်အတွက် အာဟာရဓာတ်များပိုမိုရရှိစေပြီး ဆိတ်မွေးမြူရေးလုပ်ငန်းကို ပိုမိုအကျိုးကျေးဇူးရရှိနိုင်သည်။ ထို့ပြင် ဆိတ်များ၏မစင်ကိုလည်း သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတွဲဖက်လုပ်ငန်းအနေဖြင့် ဆိတ်မွေးမြူရေးကို လုပ်ကိုင်နိုင်သည်။

နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်မှု

ဆိတ်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြို့နယ်တိုင်းတွင် ဖွင့်လှစ်ထားသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများတွင် နည်းပညာနှင့် အကြံဉာဏ်များရယူနိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်သည့်အရင်းအနှီးများကို ပံ့ပိုးမှုများပြုလုပ်ပေးနေကြောင်း သိရှိရသည်။

ထို့ပြင် မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့တွင်လည်း ဆိတ်၏ အစာနှင့်အာဟာရဖွံ့ဖြိုးရေးသုတေသနများ၊ ဆိတ်ရောဂါကာကွယ်ကုသရေးဆိုင်ရာ သုတေသနလုပ်ငန်းများ စသည့် မြန်မာနိုင်ငံဆိတ်မွေးမြူရေး ဖွံ့ဖြိုးမှုအထောက်အကူပြု သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ နည်းပညာများကိုလည်း အခါအားလျော်စွာ ဖြန့်ဝေပေးလျက်ရှိသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းကို အောင်မြင်စွာလုပ်ကိုင်နိုင်ရန်အတွက် အောက်ပါအချက်များကို သိရှိလိုက်နာသင့်သည်။

(က) ဆိတ်မျိုးစိတ်ရွေးချယ်ခြင်း

ဆိတ်မွေးမြူရာတွင် မျိုးစိတ်ရွေးချယ်မှုသည်အရေးကြီးသည်။ ကြီးထွားနှုန်းကောင်းမွန်ပြီး မိမိဒေသနှင့်လိုက်ဖက်သည့် မျိုးစိတ်ကောင်းများကို ရွေးချယ်မွေးမြူခြင်းဖြင့် အသားနှင့်နို့ထွက်နှုန်းပိုမိုကောင်းမွန်စေသည်။ မြန်မာနိုင်ငံတွင် အဓိကမွေးမြူလေ့ရှိသော ဆိတ်မျိုးစိတ်များမှာ ဂျိတ်နီ၊ ထိန်စမ်း၊ အိန္ဒိယဆိတ်မျိုးများ၊ ဂျမ်မာပါရီဆိတ်နှင့် ဘိုးအာဆိတ်မျိုး စသည်တို့ဖြစ်သည်။

(ခ) ရောဂါကာကွယ်ခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်ခြင်း

ဆိတ်များကို ကျန်းမာရေးကောင်းမွန်စေရန် ပုံမှန်စောင့်ကြည့်ပြီး လိုအပ်သော ကာကွယ်ဆေးများကို အချိန်မီထိုးပေးရသည်။ ဆိတ်များတွင်ဖြစ်ပွားတတ်သော ရောဂါများမှာ ဗက်တီးရီးယားနှင့် ဗိုင်းရပ်ရောဂါများ (အဆစ်အမျက်ပြည်တည်နာ၊ အကျိတ်ရောင်ရမ်းနာ၊ ဆိတ်ပလိပ်ရောဂါ (Peste des Petits Ruminants (PPR)နှင့် နှုတ်ခမ်း၊ ပါးစပ်နှင့် နို့သီးခေါင်းတွင် အနာဖုများဖြစ်ခြင်း (Orf)စသည်)၊ ကပ်ပါးရောဂါများ (အစာအိမ်အူလမ်းကြောင်းသန်ကောင်များ၊ ခရုမှတစ်ဆင့်ကူးစက်သည့် သန်ပြားကောင်များ၊ သွေးစုပ်သည့် အင်းဆက်များမှတစ်ဆင့် ကူးစက်သော သွေးတွင်းကပ်ပါးရောဂါများ၊ အရေပြားကပ်ပါးရောဂါများ) စသည်တို့ဖြစ်ကြသည်။

ထို့ပြင် အာဟာရဓာတ်များမညီမျှမှုကြောင့်လည်း ရောဂါများဖြစ်ပွားနိုင်သည်။ နားလည်တတ်ကျွမ်းသော တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့်တိုင်ပင်၍ အထက်ပါရောဂါများကို ကာကွယ်ကုသနိုင်သည်။

(ဂ) လုံလောက်မျှတသည့် အစာနှင့် အာဟာရကျွေးမွေးခြင်း

ဆိတ်များကို အာဟာရပြည့်ဝသော အစာများကျွေးမွေးရသည်။ သဘာဝပေါက်ပင်များနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကျွေးမွေးသည့်အပြင် လိုအပ်ပါက အာဟာရဖြည့်စွက်စာများကို ထည့်သွင်းကျွေးမွေးသင့်သည်။

(ဃ) မွေးမြူရေးခြံနေရာ

ဆိတ်မွေးမြူရာတွင် သင့်တော်သော မွေးမြူရေးခြံနေရာရှိရန် အရေးကြီးသည်။ ဆိတ်များအတွက် ခြံဆောက်လုပ်ရာတွင် ခွေးများ၏ရန်မှကာကွယ်နိုင်ရန် လုံခြုံပြီး သန့်ရှင်းသောနေရာဖြစ်ရမည်။ ထို့ပြင် ဆိတ်များကို မိုးရေနှင့် နေရောင်ဒဏ်မှကာကွယ်နိုင်သည့် နားခိုမည့်နေရာလည်းဖြည့်ဆည်းပေးရန်လိုအပ်သည်။

(င) စီမံခန့်ခွဲမှု

ဆိတ်မွေးမြူရေးလုပ်ငန်းတွင် စနစ်တကျစီမံခန့်ခွဲမှုသည် အရေးကြီးသည်။ ဆိတ်များကို ပုံမှန်စောင့်ကြည့်ပြီး လိုအပ်သော ပြုစုစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးရသည်။ ထို့ပြင် ဆိတ်များကို စနစ်တကျသားဖောက်မျိုးပွားခြင်း၊ ရောဂါကာကွယ်ခြင်း၊ အစာကျွေးခြင်း စသည့်လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရသည်။

(စ) စိန်ခေါ်မှုများ

ဆိတ်မွေးမြူရေးလုပ်ငန်းတွင် ရောဂါဘယများဖြစ်ပွားခြင်း၊ စျေးကွက်ပြောင်းလဲမှုများ၊ ရာသီဥတုဖောက်ပြန်မှုများ စသည့် စိန်ခေါ်မှုများရှိနိုင်သည်။ ထို့ကြောင့် ဆိတ်မွေးမြူရေးလုပ်ငန်းကို စနစ်တကျလုပ်ကိုင်၍ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားသွားရန်လိုအပ်သည်။

နိဂုံး

ဆိတ် မွေးမြူရေး လုပ် ငန်း သည် ကျေးလက်ဒေသများတွင် ဆောင်ရွက်နိုင်သည့် စီးပွားရေးအခွင့်အလမ်းကောင်းတစ်ခုဖြစ်ပြီး စနစ်တကျလုပ်ကိုင်ပါက အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ပင်ရရှိနိုင်သည်။ စိန်ခေါ်မှုများရှိနေသေးသော်လည်း မြန်မာနိုင်ငံသည် ဆိတ်သားတင်ပို့နိုင်မှုအတွက် အလားအလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတု၊ သဘာဝအရင်းအမြစ်များနှင့်သင့်တော်သည့် ဆိတ်မွေးမြူရေးကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူလူထုအတွက် ဝင်ငွေကောင်းမွန်စေနိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မောင်စော(မွေးမြူဆေးကု)
မွေးသု

ငါးမည်ရ တပေါင်းလနှင့် စိတ်ရှင်လန်းဆန်း ဆေးဖက်ဝင်သရဖီပန်း

ပေါက်ပေါက်

တပေါင်းလအကြောင်း သိကောင်းစရာ

မြန်မာပြက္ခဒိန်ဝယ် ဆယ့်နှစ်လရှိရာတွင် တပေါင်းလသည် ဆယ့်နှစ်လမြောက်ဖြစ်၍ လတကာတို့၏နောင်တော်ဟု ဆိုနိုင်ပါသည်။ အနည်းငယ်ပူပြင်းသည့်မှလွဲပြီး တောတောင်၊ ရေမြေသဘာဝအလှမှာ ကျန်သည့်ရာသီများထက် အလှပဆုံးဖြစ်သည်။ တပေါင်းလသည် နက္ခတ်ဗေဒင်သဘောအရ ထူးခြားလှသကဲ့သို့ သဘာဝအလှနှင့် လောကအလှတို့တွင်လည်း တစ်မူထူးခြားနေပါသည်။ ထိုမျှမက ဘာသာရေးအလှ၊ လူမှုရေးအလှတွင်လည်း တပေါင်းလသည် ကျော်၍ သာမြဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ကာဠဒါယိမထေရ်၏ ပင့်လျှောက်ချက်အရ ခမည်းတော် သုဒ္ဓါဒနမင်းကြီးရှိရာ ကပိလဝတ်ပြည်သို့ နောက်ပါသံဃာ ၅၀၀ နှင့်အတူ ကြွရောက်တော်မူခဲ့သည်မှာလည်း ဤတပေါင်းလပဇ်ဖြစ်သည်။ ထို့အတူ တပေါင်းလသည် ကျေးလက်တောရွာနေတောင်သူလယ်သမားတို့၏ လုပ်ငန်းသိမ်းချိန်၊ စပါးပေါ်ချိန်၊ လက်တွင် ငွေရွှင်ချိန်ဖြစ်၍ ကျေးလက်ဒေသ၌ ဆိုင်းသံ၊ ဗုံသံ တညံညံနှင့် လှုံကြွ၊ တန်းကြ၊ ပျော်ရွှင်ကြသောအချိန်အခါသမယလည်း ဖြစ်သည်။

တပေါင်းဟူသောအမည်ကို ပုဂံခေတ်က "တပေါင်လ" ဟူ၍ ရေးခဲ့ကြသည်။ "ပူပြင်းခြင်း" အနက်ဖြစ်သော "တပ" ဟူသည့် ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး "တပ" မှ တပေါင်းဖြစ်လာသည်ဟု ဆိုကြသည်။ ထန်းပင်လုပ်ငန်းကို အစွဲပြု၍လည်း တပေါင်းလဖြစ်သည်ဟုဆိုကြသည်။ "တ" ဟူသောအဓိပ္ပာယ်မှာ တန်း၊ ထန်း၊ ထန်းပင် ဖြစ်၍ "ပေါင်း"ဟူသောအဓိပ္ပာယ်မှာ ချက်သည်၊ ကျိုသည်ဖြစ်သည်။ ထို့ကြောင့် "တပေါင်းလ"ဟူသောအဓိပ္ပာယ်မှာ ထန်းချက်သမားများ ထန်းရည်ကျိုသောလ၊ ထန်းချက်သောလဖြစ်သည်။ တချို့က "ထန်းပေါင်းလ" ဟုလည်း ခေါ်ဆိုကြသည်။ အကြောင်းမှာ ထန်းဖိုပင်မှရသော ညှပ်ရည်နှင့် ထန်းမပဲမှရသော သီးနှုရည်တို့ကို ပေါင်းစပ်ချက်သဖြင့် ထန်းဖိုရည်နှင့် ထန်းမရည် ပေါင်းစပ်ကျိုချက်သောလဖြစ်၍ ''ထန်းပေါင်းလ" ဟု ခေါ်ကြခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာဆယ့်နှစ်လရာသီ နောက်ဆုံးလသည် တပေါင်း၊ တပ၊ ထန်းပေါင်း၊ ထပေါင်း၊ တပေါင်းဟူ၍ အမည်ငါးမျိုးခေါ်တွင်သောလတစ်လဖြစ်ပေသည်။

ဆေးဖက်ဝင် ပန်းသရဖီအကြောင်း တစေ့တစောင်း

မိန်ရာသီ တပေါင်းလတွင် ဥတ္တရာဘရဂုဏ္ဍနက္ခတ်သည် လမင်းသော်တာနှင့် ယှဉ်ပြိုင်ပြီးထွက်ပေါ်လာသည်။ ရာသီပန်းမှာ သရဖီပန်းဖြစ်သည်။ သရဖီပင်သည် ပုန်းညက်ပင်နှင့်မျိုးတူသည်။ သရဖီပန်း၏ အင်္ဂလိပ်အမည်မှာ Calophillum amoenum ဖြစ်သည်။ သိပ္ပံနည်းအရ ယခင် Guttiferae၊ ယခုအခါ Calophyllaceae မျိုးရင်း၌ ပါဝင်သည်။ ရုက္ခဗေဒအမည်အရ ယခင် Calophyllum spectabile၊ ယခုအခါ Calophyllum tacamahaca ဟု ခေါ်သည်။ တချို့ဒေသ၌ Calophyllum polyanthum ဟု လည်းကောင်း၊ Calophyllum kunstleri ဟုလည်းကောင်း၊ Calophyllum rigidum ဟုလည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြသည်။

ပူအိုက်သောရာသီဥတုရှိသည့် ဒေသများတွင် ကောင်းစွာရှင်သန်ကြပြီး မြန်မာနိုင်ငံ၌ တနင်္သာရီတိုင်းဒေသကြီး အမြဲစိမ်းတောများတွင် အများအပြားပေါက်ရောက်သည်။ ဝေါဟာရလီနတ္ထဒီပနီအရ "သရဖီ"ဟု ခေါ်ဝေါ်ခြင်းသည် သုရာဘိသဒ္ဒါမှ ဆင်းသက်လာခြင်းဖြစ်သည်။ သုရာဘိသဒ္ဒါပါဠိတွင် ဥသရကျေ၍ "သရာဘီ" ဟုခေါ်တွင်လာရာမှ "သရဖီ" ဟု ရေးသားခေါ်ဝေါ်လာကြသည်။ မှတ်တမ်းတချို့တွင်မူ "တောင်ပုန်းညက်ပင်" ဟုလည်း ဖော်ပြထားသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ပန်းတကာ (ခေါ်) သရဖီတစ်မျိုးလည်း ရှိသေးကြောင်း သိရသည်။

သရဖီပင်သည် ပုန်းညက်ပင်နှင့် အနေအထားတူသဖြင့် လူတချို့က အမှတ်မှားတတ်ကြသည်။ သို့သော် ပင်စည်ဖြောင့်မတ်၍ အမြင့်ပေ ၇၀ - ၈၀ အထိရှိပြီး လုံးပတ် ခုနစ်ပေခန့်ရှိသည်။ အရွက်များသည် ပုန်းညက်အရွက်ကဲ့သို့ ချောမွတ်ပြောင်လက်သည်။ အလျား ၄-၆ လက်မအထိရှိသည်။ ပုန်းညက်ရွက်ကဲ့သို့ပင် ထူ၍ သားရေကဲ့သို့မာကျောပြီး ရွက်နားညီသည်။ ရှည်ရှည်ဝိုင်းဝိုင်းပုံသဏ္ဌာန်ရှိသည်။ ပုန်းညက်ရွက်နည်းတူ အလယ်



"သရဖီပန်းရနံ့က အမူးအမော်ပြေစေသည်။ ထို့ကြောင့် မူးဝေခြင်းနှင့် အလွန်ပူသောသည်းခြေနာတို့ကို ကုသပျောက်ကင်းရန်အတွက် တိုင်းရင်းသမားတော်ကြီးများက သရဖီပန်းကို အသုံးပြုလေ့ရှိကြသည်။ အဆစ်အမျက်ရောင်ကိုက်နာ၊ ခေါင်းကိုက်နာနှင့် အပူလွန်ရောဂါများကုသရာတွင် သရဖီပန်း၊ အဖူးနှင့်အသီးများကို ထည့်သွင်းအသုံးပြုကြသည်။

သရဖီပင်အရွက်နှင့် ပွင့်ချပ်များမှထွက်ရှိသော အဆီဓာတ်ကလည်း ခန္ဓာကိုယ်ပြင်ပရောင်ရမ်းနာများကို သက်သာစေပါသည်။

သရဖီပင်နှင့် တခြားအသုံးပြုမှုများ

သရဖီပန်းအစေ့က ဦးရေပြားနှင့် ဆံသားကျန်းမာရေးအတွက် ကောင်းကျိုးပြုသဖြင့် တချို့နိုင်ငံများတွင် သရဖီပန်းအစေ့ကိုအခြေခံ၍ ခေါင်းလိမ်းဆီအဖြစ် ထုတ်လုပ်ကြသည်။ အထူးသဖြင့် ဟာဝိုင်အီဒေသမှထွက်ရှိသော tamanu oil (ခေါ်) သရဖီပန်းအစေ့ ခေါင်းလိမ်းဆီကို လူကြိုက်များကြသည်။ ထို့ပြင် ရေစိုခံ ခရင်မ်၊ အလှဆီ၊ အကြောပြေလိမ်းဆေး အဆီ စသည့်အလှကုန်ပစ္စည်းနှင့် ဆေးဝါးတချို့ဖော်စပ်ရာတွင်လည်း သရဖီပန်းအစေ့ကို ထည့်သွင်းအသုံးပြုကြသည်။ သရဖီပင်၏အသားသည် ညိုညည်း အတော်အသင့်မာသည်။ အကြောအမျှင်များ သိပ်သည်းလျက် ပြုပြင်ရလွယ်သော သစ်ပင်မျိုးဖြစ်သည်။ သို့သော် သရဖီသားကို သာမန်နည်းဖြင့် အခြောက်ခံ၍ အသားသေအောင်ပြုလုပ်လျှင် ကောက်ကွေးတတ်သောကြောင့် ပေါင်းဖိုတွင် အခြောက်ခံမှသာလျှင် သစ်ကောင်းရရှိနိုင်သည်။ သရဖီသားကို လှေစပ်ခြင်း၊ သင်္ဘောဆောက်ခြင်း၊ အိမ်ဆောက်ခြင်း၊ လှေရွက်တိုင်၊ လှည်းထမ်းပိုး စသည်တို့ပြုလုပ်ရန် အသုံးပြုနိုင်သည်။ ရှေးကျသော ဖိလစ်ပိုင်ကျွန်းစွယ်တွင် သရဖီစေ့မှ အဆီကိုထုတ်ယူ၍ မီးအိမ်လောင်စာဆီအဖြစ် ညအလင်းရောင် ရရှိရန် သုံးစွဲခဲ့ကြသည်။ သရဖီပင်၏ ပင်စည်မှထွက်ရှိသော အညိုရောင် အစေးက သားရဲတိရစ္ဆာန်များအတွက် အဆိပ်အတောက်ဖြစ်စေသည်။ ထို့ကြောင့် ရှေးယခင်က တောင်ပစိဖိတ်ဒေသရှိ မုဆိုးများက လေး၊ မြားတံထိပ်ဖူး၌ သရဖီပင်၏အစေးကိုသုတ်လိမ်း၍ အမဲလိုက်ရာတွင်အသုံးပြုခဲ့ကြသည်။ သရဖီပင်၏ အရွက်မှထွက်ရှိသော ဓာတ်ပေါင်းတစ်မျိုးကလည်း ရေနေသတ္တဝါတို့ကို သေစေနိုင်သဖြင့် ရှေးခေတ်လူသားများက ငါးဖမ်းဧရိယာအတွင်း သရဖီရွက်ကို ခူးခြေထည့်၍ ငါးများကို အလွယ်တကူဖမ်းဆီးခဲ့ကြကြောင်း လေ့လာသိရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် ဆယ့်နှစ်လရာသီများတွင် လတကာတို့၏ နောင်တော်၊ သာယာမှုအပေါင်းတို့၏ ထိပ်ခေါင်ဖြစ်သော တပေါင်းလသည် သဲပုံစေတီပွဲတစ်ခုသာမက မြန်မာပြည်အနှံ့ရှိ ဘုရားပုထိုးများစွာ၏ တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနိယပွဲတော်ကြီးများလည်း ကျင်းပကြသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် တွဲဖက်၍ ဆွမ်းကြီးလောင်းပွဲ၊ ပဋ္ဌာန်းရွတ်ပွဲ စသည်တို့ကိုပါ ကျင်းပလျက်ရှိရာ တပေါင်းလသည် မြန်မာတို့အတွက် ဒါန၊ သီလ စသည့်ကုသိုလ်များရရှိသဖြင့် အင်မတန်မွန်မြတ်လှသည်။ သို့ပါ၍ တပေါင်း၊ တပ၊ ထန်းပေါင်း၊ ထပေါင်း၊ တပေါင်းဟူ၍ အမည်ငါးမျိုးခေါ်တွင်သော ထူးခြားလှပ လမြတ်ကာလတွင် နေခြည်မှာလည်း တဝင်းဝင်း၊ ညအမှောင်မှာလည်း တဝင်းဝင်းဖြင့် တသင်းသင်းကြိုင်နေသော သရဖီပန်းလေးများကိုခူးဆွတ်၍ စိတ်ရွှင်လန်းကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြန်အောင်ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

မြန်အောင် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ဒေသထွက်သခွားသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဖြူအောင်၏ပြောဆိုချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ မတ်လပထမပတ်မှစ၍ ဒေသထွက်သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ပြီး တစ်ရက်လျှင် သခွားသီးအလုံး ၄၀၀၀၀ မှ ၅၅၀၀၀ အထိ တင်ပို့ရောင်းချရခြင်းဖြစ်သည်။

"မြန်အောင်ဒေသကထွက်တဲ့ သခွားသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေတယ်။ လက်ရှိမှာ တစ်ရက်ကို သခွားသီးအလုံး ၅၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုစျေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်နေတဲ့သခွားသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ တခြားဒေသတွေက ဒီဒေသထွက်သခွားသီးတွေကို အဝယ်လိုက်နေတာပါ။ အခုလို ဒေသထွက်သခွားသီးတွေ ဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေလာပါတယ်'' ဟု ဒေါ်ဖြူအောင်ကပြောသည်။

မြန်အောင်မြို့နယ်၌ လက်ရှိ သခွားသီးအပါအဝင် ဒေသထွက်ဟင်းသီးဟင်းရွက်များ ထွက်ပေါ်နေသည့်အချိန်ဖြစ်ပြီး အဆိုပါသခွားသီးများ ဝယ်လိုအားကောင်းကာ အရောင်းသွက်လာသည့်အတွက် စိုက်ပျိုးသူများက ထပ်မံတိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာရောင်းချသည့်အတွက် သယ်ယူစရိတ်သက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့်အကျိုးကျေးဇူးများရရှိစေကြောင်း သိရသည်။

သုတကျော်

ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပ

ပန်းတနော် မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ်လ ၁၃ ရက် မွန်းလွဲပိုင်းတွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်များ လောင်းလှူကြသည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဒေသအတွင်းရှိ ကျောင်းပေါင်း ၂၁၀ ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင် ဆရာကြီး၊ ဆရာလေးအပါး ၂၅၀ တို့က စေတီတော်မြတ်ကြီး၏ လက်ယာရစ်အတိုင်း လှည့်လည်အပူဇော်ခံကြွရောက်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့သူမြို့သား စေတနာရှင် ဒါယကာ၊ ဒါယိကာမများက သင်္ခါကြည်ဖြူစွာ ဆွမ်းဆန်တော်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လောင်းလှူပူဇော်ကြကြောင်း သတင်းရရှိသည်။

ပန်းတနော်မြို့နယ်(ပြန်/ဆက်)

မျိုးစေ့ထုတ်ကြက်သွန်နီ(ရွှေဖလား)မျိုးနှင့် ခရမ်းသီး(ညိုလုံးကြီး)မျိုးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကန့်ဘလူ မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက် အပင်ဇီဝနည်းပညာဌာနခွဲအောက်ရှိ ကန့်ဘလူဥယျာဉ်ခြံ၌ တစ်နိုင်တစ်ပိုင်သီးနှံဖြစ်သော ကြက်သွန်နီ(ရွှေဖလား)မျိုးနှင့် ခရမ်းသီး(ညိုလုံးကြီး)မျိုးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မျိုးစေ့ထုတ်ကြက်သွန်နီနှင့်ခရမ်းသီးများကို နိုဝင်ဘာလအတွင်းကစိုက်ပျိုးခဲ့ပြီး ရက်ပေါင်း ၁၅၀ ခန့်၌ ခူးဆွတ်ရိတ်သိမ်းနိုင်မည်ဖြစ်ကာ မျိုးစေ့ထုတ်ကြက်သွန်နီတစ်ဧကစိုက်ပျိုးထားပါက မျိုးစေ့အနေဖြင့် ငါးတင်းမှခြောက်တင်းထွက်ရှိနိုင်မည်ဖြစ်သည်။ ကြက်သွန်နီစိုက်ပျိုးချိန်တွင် တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်မှ သုံးပြည် စိုက်ပျိုးပါက ပိသာချိန် ၃၀၀၀ မှ ၄၀၀၀ ခန့်ထွက်ရှိသည်။ မျိုးစေ့ထုတ်ခရမ်းသီးစိုက်ပျိုးပါက တစ်ဧကတွင် ကီလို ၄၀ မှ ၅၀ ထွက်ရှိသည်။

အဆိုပါမျိုးစေ့ထုတ်သီးနှံများကို ကန့်ဘလူဥယျာဉ်ခြံ၌ သီးနှံသစ်တောရောနော(သီးညှပ်)စိုက်ပျိုးထားခြင်းဖြစ်ပြီး ထိုသို့စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ထုတ် ကြက်သွန်နီနှင့်ခရမ်းသီးများမှ ဝင်ငွေရရှိနိုင်သည့်အပြင် သရက်သီးနှံမှလည်း ဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်းနှင့် စီးပွားရေးတွက်ခြေကိုက်ရုံသာမက ပတ်ဝန်းကျင်ဂေဟစနစ်ကိုပါထိန်းသိမ်းနိုင်ကာ ပိုးမွှားကျရောက်ခြင်းကိုကာကွယ်နိုင်ကြောင်း၊ ထို့ပြင် ပူပြင်းသောရာသီဥတုဒဏ်နှင့် လေဒဏ်မိုးဒဏ်များကိုလည်း ကာကွယ်နိုင်ကြောင်း ကန့်ဘလူဥယျာဉ်ခြံတာဝန်ခံ ဦးမျိုးနိုင်ထံမှသိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ရွှေတောင်မြို့နယ်၌ လက်စွဲကောက်စိုက်စက်များအသုံးပြု၍ နွေစပါး(ဗီယက်နမ်)စပါးမျိုး စိုက်ပျိုးသရုပ်ပြ



ရွှေတောင် မတ် ၁၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု မင်းကွန်းကျေးရွာနှင့် တပ်သစ်ကျေးရွာစက်မှုလယ်ယာကွင်းအတွင်းရှိ တောင်သူ ဦးကျော်လွင်၏လယ်မြေ၌ မတ်လ ၁၄ ရက်နံနက်ပိုင်းတွင် လက်စွဲကောက်စိုက်စက်များအသုံးပြု၍ နွေစပါး(ဗီယက်နမ်)စပါးမျိုးစိုက်ပျိုးသရုပ်ပြပွဲကျင်းပသည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာနနှင့်ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီတို့မှလက်စွဲကောက်စိုက်စက်(အင်ဂျင်ပါ)နှင့် လက်စွဲကောက်စိုက်စက်(အင်ဂျင်မပါ)တို့ဖြင့် နွေစပါး(ဗီယက်နမ်) စပါးမျိုးလက်တွေ့စိုက်ပျိုးခြင်းကို သရုပ်ပြဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီပါဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြာနီကန်ရပ်ကွက်၊ မင်းကွန်းကျေးရွာအုပ်စု၊ အိုးထိမ်းကုန်းကျေးရွာအုပ်စု၊ မယားမာန်ကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာအုပ်စုတို့ရှိ တောင်သူများတက်ရောက်ကြကြောင်းသိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၃-၂၀၂၃(စနေနေ့)

၁။ ၀၇:၀၀ မေတ္တာပို့
၂။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၄။ ၁၅:၀၀ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း တွဲလက်တူစုံ ချစ်ရိပ်မြို့(ပထမပိုင်း) သရုပ်ဆောင်-ခန့်စည်သူ၊ စိုးမြတ်သူဇာ ဒါရိုက်တာ-တင်အောင်စိုး (ပန်းမြို့တော်)**
၄။ ၀၉:၂၀ မောင်မယ်လေးများသိစေချင်
၅။ ၀၉:၂၀ လူတိုင်းကျန်းမာ သိမှတ်စရာ
၆။ ၀၉:၃၀ အမှတ်တရနေ့ရက်များ
၇။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း

တပေါင်းပွဲနွဲဖို့ရှယ်ရည် သဲစေတီ

✍ ပွဲအဝင် လှည်းယဉ်ကြေးနှင့်
နွဲမည်ပေါ့ သဲစေတီ
တပေါင်း နွေဆီ။
ရေပြာအလှ ကြည်ကြည်
မြစ်နဒီမှာ ကမ်းလုံးပြည့်။
မခြားဘဲ
တအားခဲလာ ထိုတစ်ခေါက်
ရောက်ပါပြီလေ့။

✍ အရီးစိန် ကောက်ညှင်းပေါင်းက
တထောင်းထောင်း အငွေ့ပြန်
မွှေးပါဘိ လျှံ။
ဆိုင်းဝိုင်းကြီးရဲ့ ဗေထိအသံ
မိုးယံကို ထွင်းဖောက်။
နဂိုအရင်
အပိုမထင် က ဇာတ်ပွဲကို
နွဲရန်ခုရောက်။

✍ သူငယ်ချင်းတွေ အဟုတ်မနား
လုပ်အားကို နှစ်ဆတင်
ပဲစပါး အောင်မြင်။
ရိတ်သိမ်းကာ တူယှဉ်
ပွဲဝင်အမီ သူငါ ကူကြ။
ရွာသူပျို ညိုပြာချောတို့
သဘောတော်မျှ။

✍ ရှုကြည့်ကွယ် အယဉ်ဆင့်တယ်
အမြင်တင့်တယ် ဆံတောက်တို
ခြောက်လက်မဆို။
နှစ်ဖက်ပါး သနပ်ခါးစို
ရုက်အားပို ပျိုနှမ။
ချည်ထည် လက်ရှည် ရင်ဖုံးလေးနဲ့
ဆံထုံးနောက်ချ။

✍ ကမ္ဘာမှာ မြန်မာက
ထာဝရ အလှပိုင်ရှင်
ကျေးတောသူပင်။
ဆေးမဆိုး မိတ်ကပ်မတင်
သနပ်ခါးလျှင် နေ့စဉ်လိမ်း။
ပွင့်လင်း ညင်သာစွာနှင့်
ခင်မင်စရာ တောခလေ့
ပျော်မွေ့မစိမ်း။ ။

မိုးမြင့်မေ(သ.က.ဟ.အ)

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၄

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မင်းလှမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းဆောင်ရွက်



မင်းလှ မတ် ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မင်းလှအခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းလှမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စန်းစန်းမိုး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းဆရာ၊ ဆရာမများက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား အမည်စာရင်းရေးသွင်းပေးပြီး သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

မင်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၄၀၃ ဦး ဖြေဆိုရန် စာရင်းရှိရာ စာမေးပွဲဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများကျန်းမာစွာဖြေဆိုနိုင်ရေး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများအရောက်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဇာဇာ(အထက်မင်းလှ)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မတ်ပဲဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ မတ် ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် မတ်ပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ၁၆ ဒသမ ၃၁ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ဧကများကို ဒေသခံတောင်သူများက ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် မတ်ပဲစိုက်ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မတ်ပဲ ၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီမတ်ပဲစိုက်ခင်းတွေကို တောင်သူတွေက ဇန်နဝါရီလကစပြီး ရိတ်သိမ်းခဲ့တာ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲတွေ အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် စနစ်တကျသိမ်းဆည်းကြဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့နဲ့ အရည်အသွေးကောင်းမွန်အောင် ထိန်းသိမ်းကြဖို့ စတဲ့စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးပါတယ်။ ဒီနှစ် မတ်ပဲစိုက်ခင်းတွေက ပိုးမွှားရောဂါကျရောက်မှုမရှိတဲ့အတွက် ပြီးခဲ့တဲ့နှစ်ကထက် အထွက်နှုန်းလည်းကောင်းကြတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ဒေသတွင်းရှိ မတ်ပဲစိုက်တောင်သူများကို သီးနှံအထွက်နှုန်းတိုးတက်စေရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် စိုက်နည်းစနစ်မှန်ကန်စေရေး၊ သီးနှံဖျက်ပိုးများ ကျရောက်မှုမရှိစေရေး၊ သဘာဝမြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေး၊ သီးနှံအချိန်မီရိတ်သိမ်းခြွေလှေ့နည်းစနစ်များ စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကိုပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



မတ်ပဲကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်၍ တောင်သူများ သီးနှံဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၁၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေသည်။

(မိုး/၈လ)

❑ ကျောဖုံးမှအဆက်

“ဒီနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်မှာ တပေါင်းလပြည့်နေ့က အစိုးရရုံးပိတ်ရက်ငါးရက်နဲ့ တိုက်ဆိုင်တဲ့အတွက် အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ တော်တော်များများ လာရောက်ခဲ့ပါတယ်။ ဘုရားပွဲတော်စတင်ကျင်းပတဲ့နေ့ကစပြီး လက်ရှိအချိန်ထိဆိုရင် ဘုရားဖူးလာရောက်သူ တစ်သောင်းကျော်နဲ့ မော်တော်ယာဉ်အစီးရေ ၂၀၀၀ ကျော်ရှိပါတယ်”ဟု မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုကပြောသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်သည် မြန်မာနိုင်ငံအတွင်း ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်တစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကို ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်



ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နေပြည်တော် မတ် ၁၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမများ၌ ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တို့မှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက အမှာစကား အသီးသီး ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကိုသက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

အတုလမာရဇိန်ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကြီးအား ရောင်တော်ဖွင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်မဂ်လာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၄

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုကကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက်ရှိ အတုလမာရဇိန်ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကြီးအား ရောင်တော်ဖွင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်မဂ်လာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋ္ဌကဓရ သာကေတမြို့နယ် တိပိဋ္ဌကလင်္ကာရ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိအမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးဌေးအောင်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုနာယကများ၊ ဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကမာရွတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များကထိ၊ တံခွန်၊ ကုက္ကားများ၊ မုလေးပွားများဖြင့် အတုလမာရဇိန်ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကြီးအား ရောင်တော်ဖွင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်သည်။ ထို့နောက် နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးဌေးအောင်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုနာယကများ၊ ဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမှုပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)



သန်လျင်မြို့နယ်၊ ဘယက်စံပြကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘယက်စံပြကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(SMU)အဆောက်အဦခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သန်လျင်မြို့နယ် ဘယက်စံပြကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၁၀ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၄

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ဆော်ဒီအာရေဗျနိုင်ငံ Tabuk မြို့တွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မတ် ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေတွင် အခက်အခဲ တွေ့ကြုံရသည့်တိုင် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Tabukမြို့တွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား မည်မိမ်းညိမ်းခက်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန်နှင့် ထွက်ခွာခွင့်(Exit Permit)ရရှိရန် မြန်မာသံရုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မတ်လ ၁၀ ရက်တွင် ရီရတ်ဒ်-နယူးဒေလီ-ဘန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာနိုင်ခဲ့ပြီး မတ်လ ၁၃ ရက် နံနက်အစောပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင် ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်းသိရသည်။

ဓာတ်ပုံ - ကနူး

ညိမ်းသူ(သတင်းစဉ်)

၁၄-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ကမ္ဘာကြီးကိုပိုင်စိုးဖို့ ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့

ချယ်ချယ်(YU)

စာကြည့် တိုက် ဆိုတာ “ဉာဏ အလုပ်ရုံ၊ လောကရဲ့ပြတင်းပေါက်၊ လူထု တက္ကသိုလ်၊ အသံတိတ်တက္ကသိုလ်၊ နိုင်ငံရဲ့ ဦးနှောက်”လို့တင်စားကြပါတယ်။ အသိ ပညာ၊ အတတ်ပညာတွေရရှိဖို့ ဗဟုသုတ တွေများများတိုးတက်ရရှိနိုင်ဖို့ စာဖတ်ကြ ရပါမယ်။ စာဖတ်လိုသူတွေဖတ်နိုင်စေဖို့ အတွက် စာအုပ်စာပေတွေတစုတစည်း တည်းရှိနေတဲ့ စာကြည့်တိုက်ကိုဖွင့်လှစ် ပေးကြတာလည်းဖြစ်ပါတယ်။ စာကြည့် တိုက်ဆိုတာ အခုမှဖြစ်တည်လာတာ မဟုတ်ပါဘူး။ ခရစ်တော်မပေါ်မီ ဘီစီ ၇ ရာစုခန့်မှစတင်ပေါ်ပေါက်လာခဲ့ကြောင်း ပညာရှင်များကဆိုကြပါတယ်။ နှစ်ပေါင်း ရာထောင်ချီကာ လူသားတွေနဲ့ထိတွေ့ ခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်အနည်း ငယ်က စာကြည့်တိုက်ဖွင့်ပွဲတစ်ခုကို ဖိတ်ကြားခဲ့လို့ တက်ရောက်ခဲ့ပါတယ်။ ကျေးရွာစာကြည့်တိုက်လေးဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ အပါအဝင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန် ရှိသူများ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ကျေးရွာမှ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ များ၊ ပန်းဖွားအကသမီးလေးများနှင့် ကျွန်မတို့ပုဗ္ဗသီရိမြို့နယ်စာရေးဆရာများ စတဲ့ပုဂ္ဂိုလ်တွေတက်ရောက်ဖွင့်လှစ်ပေး ခဲ့ပါတယ်။ နိုင်ငံတော်မှ စာကြည့်တိုက် များဖွင့်လှစ်ပေးတာ စာကိုချစ်တဲ့ကျွန်မ အဖို့ အလွန်ပင်ဝမ်းမြောက်ရပါတယ်။ ဒါပေမဲ့ ဖွင့်လှစ်လိုက်တဲ့ စာကြည့်တိုက် တွေ ဆက်လက်ရှင်သန်စေလိုပါတယ်။ စာကြည့်တိုက်တံခါးတွေ အမြဲပွင့်နေစေ ချင်ပါတယ်။ ဖတ်ချင်စရာစာအုပ်ကလေး တွေတန်းစီနေတဲ့ စာကြည့်တိုက်လေး၊ စာကြည့်တိုက်ထဲဝင်လိုက်တာနဲ့ စာအုပ် အနံ့သင်းသင်းလေးကိုရှုရှိုက်ရင်း စာအုပ် တွေမွှေနှောက်လို့ဖတ်ချင်ပါတယ်။ ဘဝ အတွက်လိုအပ်တဲ့ပညာရပ်များကို ပညာ ဘဏ်တိုက်ကြီးမှရရှိနိုင်ပါတယ်။

ကျွန်မအဖေက ကျွန်မနာမည်နဲ့ စာကြည့်တိုက်လေးလုပ်ပေးခဲ့ပါတယ်။ အဖေ့စာအုပ်တွေ အတော်များများမှာ “ချယ်ရီမိသားစုစာကြည့်တိုက်”ဆိုတဲ့ တံဆိပ်တုံးလေးနှိပ်ထားတာတွေရှိပါ တယ်။ သမီးကို လက်ဆင့်ကမ်းပညာ အမွေပေးခဲ့တဲ့အဖေပါ။ အဖေ့ရဲ့ဝါသနာ ကြောင့် ကျွန်မအခုလို အသိပညာ၊ အတတ် ပညာတွေ တတ်ကျွမ်းနားလည်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မစာပေရေးသားနိုင်ခဲ့ တာ အဖေက မျိုးစေ့ချခဲ့တာဖြစ်ပါတယ်။ အဖေ့စာကြည့်တိုက်လေးက မှန်ဗီရိုလေး နဲ့ပါ၊ အဆင့်ငါးဆင့်ပါဝင်ပါတယ်။ ပထမ အဆင့်မှာ မြန်မာ့စွယ်စုံကျမ်း၊ မြန်မာ အဘိဓာန်၊ အင်္ဂလိပ်အဘိဓာန်တို့ထား ပါတယ်။ ဒုတိယအဆင့်မှာတော့ ဝေါဟာရ လိနဒီပနီကျမ်း၊ ဓမ္မပဒဝတ္ထုတော်ကြီး၊ ဝိမာနဝတ္ထုတော်ကြီး၊ ဝသုဒ္ဓိမဂ်မြန်မာပြန်၊ ညီတော် အာနန္ဒာ၏ တစ်သက်တာ မှတ်တမ်း၊ မြန်မာစာရေးထုံးကျမ်း၊ နဝဒေး ရတုပေါင်းချုပ်၊ ဝိဇယပြဇော်တ်စတဲ့ဘာသာ ရေး၊ လူမှုရေး သုတစာအုပ်ပေါင်းစုံတို့ရှိပါ တယ်။ တတိယထပ်နဲ့ စတုတ္ထထပ်မှာ တော့ စာပေဗိမာန်ထုတ် ဆုရစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အင်္ဂလိပ်စာအုပ် များ၊ သမိုင်းစာအုပ်များ၊ ဝတ္ထုစာအုပ်များနဲ့ မဂ္ဂဇင်းစာအုပ်တွေအပြည့်ပါ။ အောက်ဆုံး ထပ်မှာတော့ ရွှေသွေး၊ တေဇ စတဲ့ဂျာနယ် အစုံစုံတို့ရှိပါတယ်။ အဖေ့စာအုပ်တိုင်း မှာ သူ့ရဲ့ကိုယ်ပိုင်နံပါတ်နဲ့ နာမည်ကို တံဆိပ်တုံးနဲ့ခတ်နှိပ်ပြီး လက်မှတ်ထိုးကာ မှတ်သားထားလေ့ရှိပါတယ်။ အခုတော့ အောက်ဆုံးထပ်မှာ ကျွန်မရဲ့ Computer စာအုပ်များ၊ ဘာသာရပ်ဆိုင်ရာစာအုပ် များ၊ အလျဉ်းသင့်သလို ဝယ်ယူခဲ့တဲ့ ကျွန်မရဲ့စာအုပ်များကိုပါ ထပ်မံထည့်သွင်း ထားပြီး အဖေဖြစ်စေချင်တဲ့စာကြည့် တိုက်ကလေးကို စုဆောင်းထိန်းသိမ်းထား ပါတယ်။ အဖေ့စာကြည့်တိုက်လေးက အခုချိန်ထိ အသက်ဝင်လျက်ရှိနေပါ တယ်။ ကျွန်မအတွက် အဖိုးမဖြတ်နိုင်တဲ့ စာကြည့်တိုက်လေးဖြစ်ပါတယ်။

“လူတစ်ယောက်၏ဘဝကို စာကြည့် တိုက်က မြှင့်တင်ပေးသည်။ တကယ် တော့ စာကြည့်တိုက်သည် ကျောင်းသား တွေကိုပညာပေးသည့် ပါမောက္ခများစွာ နှင့်ပင်တူနေတော့သည်”လို့ ဆရာကြီး ဒေါက်တာခင်မောင်ညိုက ဆိုပါတယ်။ တခြားနိုင်ငံများမှာဆိုရင်လည်း ငယ်စဉ် ကတည်းကစာကြည့်တိုက်ကို ချစ်မြတ်နိုး တန်ဖိုးထားတတ်စေဖို့ ကျောင်းတွေမှာ အလေ့အကျင့်လုပ်ပေးပါတယ်။ မူလတန်း ကစပြီး စာကြည့်တိုက်အချိန်ထားပေး ပါတယ်။ ကိုရီးယားရုပ်ရှင်တွေကြည့်ရ တော့လည်း ကျောင်းသားလူငယ်တွေဟာ စာကြည့်တိုက်မှာ စာအုပ်ခေါင်းထိုးပြီး ဖတ်လေ့ရှိကြတာတွေ့ရပါတယ်။ လိုချင် တာရှိရင် စာကြည့်တိုက်ကိုပြေးပြီး ရှာဖွေ တတ်တာကိုလည်းတွေ့ရပါတယ်။ ဂျပန် လူငယ်တွေဆိုလည်း ရထားပေါ်မှာ စာအုပ် လေးတွေကိုင်ပြီး ဖတ်နေတတ်တာတွေ မြင်တွေ့ရပါတယ်။ စာဖတ်ခြင်းကို လူသား တိုင်းအလေးထားပြီး လုပ်တတ်ကြတယ် ဆိုတာတွေ့ရပါတယ်။ အခုကျွန်မတို့ နိုင်ငံမှာတော့ ကျောင်းသားအားလုံး အတွက် မဖြစ်သေးပေမယ့် တချို့ကျောင်း တွေ စာကြည့်တိုက်တွေမှာ စာကြည့် တိုက်ချိန် သီးသန့်ထားပေးကြောင်း သိရလို့ အလွန်ဝမ်းမြောက်ရပါတယ်။ အခုဆို နိုင်ငံတော်မှ စာကြည့်တိုက် ဖြစ်မြောက်ရေး၊ ရှေ့ရည်တည်တံ့ခိုင်မြဲရေး တို့ကို ဂရုတစိုက်နဲ့ လုပ်ဆောင်ပေး လျက်ရှိပါတယ်။ စာကြည့်တိုက်အတွက် ရန်ပုံငွေများလှူဒါန်းပေးခြင်း၊ ပြည်သူ တို့ကလည်း လိုအပ်သောစာအုပ်စာစောင် များ၊ ပရိဘောဂများလှူဒါန်းပေးခြင်းများ တွေ့ရှိရလို့ အလွန်ပင်ဝမ်းသာဂုဏ်ယူ မိပါတယ်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုး ရေးအတွက် စာကြည့်တိုက်ဆိုတာလိုကို လိုအပ်ပါတယ်။ စာကြည့်တိုက်ဆိုတာ ပညာစုံစုဝေးရာရတနာသိုက်လို့လည်း ပြောကြပါတယ်။ လူငယ်တွေ စာများများ ဖတ်စေချင်ပါတယ်။ စာများများဖတ်မှ အောင်မြင်တဲ့ဘဝကို တက်လှမ်းနိုင်မှာဖြစ် ပါတယ်။ လူနေမှုဘဝအတွက် စာကြည့် တိုက်ဟာ အလွန်အရေးပါလှပါတယ်။ ပြည်သူလူထုက ဝိုင်းဝန်းကူညီဆောင်ရွက် နိုင်ဖို့လည်း လိုအပ်ပါတယ်။ ကျွန်မတို့ ငယ်စဉ်ကတည်းက စာကြည့်တိုက်နဲ့နီးစပ် ခဲ့လေတော့ ဘယ်မှာစာအုပ်တွေရှိလည်း အမြဲရှာဖွေခဲ့ပါတယ်။

ကျွန်မ တက္ကသိုလ်ရောက်တော့ တက္ကသိုလ်စာကြည့်တိုက်မှာ ဘာသာရပ် ဆိုင်ရာစာအုပ်တွေ၊ သုတရသစာအုပ်တွေ ငှားခွင့်၊ ဖတ်ခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဟာ အရှေ့တောင်အာရှမှာ အကောင်းဆုံးဖြစ် ခဲ့ကြောင်းမှတ်သားရပါတယ်။ ကျွန်မတို့ ကျောင်းမှာ စာကြည့်တိုက်ဟာ အထင် ကရနေရာလေးဖြစ်ပါတယ်။ အဓိပတိ လမ်းကဝင်သွားရင် ဟိုးခပ်ဝေးဝေးမှာ ဘွဲ့နှင်းသဘင်ခန်းမကြီးလှမ်းမြင်နေရချိန် မှာ လမ်းရဲ့ညာဘက်ခြမ်းမှာ တက္ကသိုလ် စာကြည့်တိုက်ကြီးရှိပါတယ်။ အင်္ဂလိပ် အက္ခရာ L ပုံစံလှပတဲ့ ဗိသုကာဒီဇိုင်းကြီး နဲ့တည်ဆောက်ထားပါတယ်။ ကိုလိုနီ ခေတ်လက်ရာပုံစံနဲ့ မြန်မာမှုလက်ရာ ပုံစံကို ပေါင်းစပ်ရေးဆွဲထားခြင်းဖြစ် ကြောင်းသိရပါတယ်။ အပြင်ပုံစံလှပ သလို စာကြည့်တိုက်အထဲမှာလည်း အနှစ်ပြည့်နေတဲ့ စာကောင်းပေမွန် တွေ ထိန်းသိမ်းထားပါတယ်။ ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်ထဲမှာ ရှေးဟောင်းပေစာ၊ ပုရပိုက်စာ၊ ယဉ်ကျေးမှု ဆိုင်ရာအထောက်အထားတွေ၊ သမိုင်း မှတ်တမ်းတွေစုံလင်စွာစုဆောင်းထားလို့ စာကြည့်တိုက်ကြီးရှိပါတယ်။ အင်္ဂလိပ် အက္ခရာ L ပုံစံလှပတဲ့ ဗိသုကာဒီဇိုင်းကြီး နဲ့တည်ဆောက်ထားပါတယ်။ ကိုလိုနီ ခေတ်လက်ရာပုံစံနဲ့ မြန်မာမှုလက်ရာ ပုံစံကို ပေါင်းစပ်ရေးဆွဲထားခြင်းဖြစ် ကြောင်းသိရပါတယ်။ အပြင်ပုံစံလှပ သလို စာကြည့်တိုက်အထဲမှာလည်း အနှစ်ပြည့်နေတဲ့ စာကောင်းပေမွန် တွေ ထိန်းသိမ်းထားပါတယ်။ ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်ထဲမှာ ရှေးဟောင်းပေစာ၊ ပုရပိုက်စာ၊ ယဉ်ကျေးမှု ဆိုင်ရာအထောက်အထားတွေ၊ သမိုင်း မှတ်တမ်းတွေစုံလင်စွာစုဆောင်းထားလို့ စာကြည့်တိုက်ကြီးရှိပါတယ်။

▶▶ တခြားနိုင်ငံများမှာဆိုရင်လည်း ငယ်စဉ်ကတည်းက စာကြည့်တိုက်ကိုချစ်မြတ်နိုး တန်ဖိုးထားတတ်စေဖို့ ကျောင်းတွေမှာ အလေ့အကျင့်လုပ်ပေးပါတယ်။ မူလတန်းက စပြီး စာကြည့်တိုက်အချိန်ထားပေးပါတယ်။ ကိုရီးယားရုပ်ရှင်တွေကြည့်ရတော့လည်း ကျောင်းသားလူငယ်တွေဟာ စာကြည့်တိုက်မှာ စာအုပ်ခေါင်းထိုးပြီး ဖတ်လေ့ရှိကြတာ တွေ့ရပါတယ်။ လိုချင်တာရှိရင် စာကြည့်တိုက်ကိုပြေးပြီး ရှာဖွေတတ်တာကိုလည်း တွေ့ရပါတယ်။ ဂျပန်လူငယ်တွေဆိုလည်း ရထားပေါ်မှာ စာအုပ်လေးတွေကိုင်ပြီး ဖတ်နေတတ်တာတွေမြင်တွေ့ရပါတယ်။ စာဖတ်ခြင်းကို လူသားတိုင်းအလေးထားပြီး လုပ်တတ်ကြတယ်ဆိုတာတွေ့ရပါတယ် . . . . .

လုပ်ငန်းခွင်ဝင်ချိန်ကျပြန်တော့ ရန်ကုန် ပန်းဆိုးတန်း စာပေဗိမာန်နားမှာ အလုပ် လုပ်ရတာဖြစ်လို့ စာပေဗိမာန်ကို မကြာ ခဏာရောက်ပါတယ်။ အောက်ထပ်မှာ စာအုပ်ဝယ်ပြီးရင် ဒုတိယထပ်စာကြည့် တိုက်မှာ အချိန်ရရင် စာထိုင်ဖတ်ပေါ့၊ အချိန်မရရင်လည်း စာအုပ်ငှားလေ့ရှိပါ တယ်။ စာပေဗိမာန်ထုတ်စာအုပ်တွေဟာ လူ့လောကအတွက် အလွန်အကျိုးပြုတဲ့ စာအုပ်များဖြစ်ပါတယ်။ သုတရသအစုံ အလင်ရရှိပါတယ်။ စာပေဗိမာန်စာကြည့် တိုက်မှာ နေ့စဉ်သတင်းစာကအစ သုတ၊ ရသစာအုပ်တွေအစုံအလင်ဖတ်ခွင့်ရခဲ့ ပါတယ်။

စာကြည့် တိုက် အမျိုးအစားများမှာ အမျိုးသားစာကြည့် တိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊ သုတေသနအဖွဲ့အစည်း စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ မြို့နယ်အလိုက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန စာကြည့်တိုက်၊ ပုဂ္ဂလိကစာကြည့် တိုက်၊ ကျောင်းစာကြည့်တိုက်၊ ကျေးရွာ စာကြည့်တိုက် စသည်ဖြင့် အမျိုးမျိုးရှိပါ တယ်။ အခုချိန်မှာ စာကြည့်တိုက်တွေမှာ စာအုပ်တွေသာမကဘဲ ကလေးများ အတွက် ပျော်စရာကောင်းတဲ့ပညာပေး အစီအစဉ်များ၊ အသိပညာပေးဟောပြော ပွဲများ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာအုပ်ပြပွဲ၊ ဖတ်မှတ် စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ စတဲ့ပြိုင်ပွဲများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန စာကြည့်တိုက်တွေမှာ ကျင်းပလေ့ရှိ ကြပါတယ်။ လူငယ်တွေအတွက် အဲဒီလို အစီအစဉ်တွေမှာပါဝင်ခြင်းဖြင့် များစွာ အကျိုးရှိလှပါတယ်။ တချို့ကော်ဖီဆိုင် တွေ၊ ဈေးဝယ်စင်တာတွေမှာဆိုလည်း ကော်ဖီသောက်ရင်း၊ ဈေးဝယ်ရင်း စာအုပ်ဖတ်နိုင်အောင် စာအုပ်လေးတွေ ကိုစင်ကလေးတွေနဲ့ ထားပေးထားတာကို တွေ့ရပါတယ်။ အလွန်ကောင်းမွန်တဲ့ အစီအစဉ်လေးဖြစ်ပါတယ်။

အခုအချိန်မှာတော့ ကျွန်မတို့စာရေး ဆရာများအဖွဲ့က ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွေ မှာ မကြာခဏာအသိပညာပေးဟောပြော ပွဲတွေ ဟောပြောပေးဖြစ်ပါတယ်။ ပြိုင်ပွဲ တွေမှာလည်း အကဲဖြတ်ဒိုင်အဖြစ် ပါဝင် ဆောင်ရွက်ပေးခဲ့ပါတယ်။ စာဖတ်ရှုနိုး မြှင့်တင်ရေးပွဲတော်များ၊ လူငယ်စကားဝိုင်း များမှာလည်း ပါဝင်အားဖြည့်ဟောပြော ပေးကြပါတယ်။ ကျွန်မတို့ကိုယ်တိုင် လည်း စာကြည့်တိုက်တွေကနေ စာတွေ အများကြီးငှားဖတ်ခွင့်ရခဲ့လို့ လူငယ် များကို အသိပညာ၊ အတတ်ပညာများကို ပြန်လည်မျှဝေခွင့်ရခဲ့ပါတယ်။ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွေမှာ ဖွဲ့စည်းထားတဲ့ Book Club တွေမှာလည်း စာဖတ်ပိုင်းများ ကျင်းပပေးတဲ့အတွက်ကြောင့် စာရေး ဆရာအချင်းချင်း စာပေဆွေးနွေးကြ ခြင်း၊ ကျောင်းသားလူငယ်လူရွယ်များကို ဟောပြောပေးခြင်းတို့လည်း လုပ်ဆောင် နေကြတဲ့အတွက် အသိပညာများစွာ တိုးရပါတယ်။

“စာအုပ်စာပေ လူ့မိတ်ဆွေ”

“စာပေသည် လူ၏တန်ဖိုး”

“ပညာဘဏ်တိုက် စာကြည့်တိုက်”

“အလိမ္မာစာမှာရှိ”စတဲ့ဆောင်ပုဒ်တွေ ကို စာကြည့်တိုက်တွေထဲမှာ ရေးထား ကြပါတယ်။ ဟိုနှစ်က စာပေဆုနှင်းသဘင် တက်တုန်းက ပြပွဲမှာလိုက်ကြည့်ရင်း “Reading helps us Grow. စာဖတ်ခြင်း ဟာ ကျွန်ုပ်တို့ကို ဖွံ့ဖြိုးတိုးတက်စေ တယ်။”

“There is no friend as loyal as a book. စာအုပ်လောက်သစ္စာရှိတဲ့ သူငယ်ချင်း ဆိုတာမရှိပါ။”

“Read to lead in order to succeed. ခေါင်းဆောင်ဖို့နဲ့အောင်မြင်ဖို့အတွက် စာအုပ်စာပေဖတ်ရှုပါ။”

“The world belongs to those who read. စာဖတ်သူကသာ ကမ္ဘာကြီးကိုပိုင်စိုး တယ်။” ကျွန်မတို့ ကမ္ဘာကြီးကိုပိုင်စိုး နိုင်အောင် တန်ဖိုးရှိတဲ့စာတွေ ဖတ်ဖို့၊ မှတ်ဖို့၊ လေ့လာဖို့ ပညာဘဏ်တိုက် စာကြည့်တိုက်ကိုသွားကြပါစို့ဟု ရေးသား တင်ပြလိုက်ပါသည်။ ။

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၄

မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သောပြည်ပနိုင်ငံသားများကိုပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှုု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းသူကျော်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-မင်းလက်ပံနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့်ပြည်ပနိုင်ငံသား ၂၆၀ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၂၇၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၈၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသားတိုက်ဖျက်နိမ့်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၄

၂၀၂၅ ခုနှစ် မတ်လ ၁၄ ရက် မြန်မာစံတော်ချိန် ၀၀ နာရီ ၂၆ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှတောင်-အနောက်တောင်ဘက် ၁၄၆ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်(ဖျာပုံမြို့၏ တောင်-အရှေ့တောင်ဘက် ၁၀၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၄ ဒသမ ၇၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

ပျဉ်းမနားမြို့နယ်၌ ပန်းချီပြပွဲကျင်းပ

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာကန်တော်ခန်းမ၌ Kay and Kar ပန်းချီပြပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ပြပွဲတွင်ပါဝင်ပြသထားသော ပန်းချီကားများမှာ Kay and Kar မောင်နှမနှစ်ယောက်၏ ကြိုးစားအားထုတ်ကာ ရေးဆွဲလေ့ကျင့်ထားသော Acrylic on canvas ပန်းချီအမျိုးအစားနှင့် Gouache on board ပန်းချီအမျိုးအစား နှစ်မျိုးဖြစ်ပြီး စုစုပေါင်းပန်းချီကား ၇၆ ကား ပြသထားသည်။

ပြပွဲသို့ လာရောက်ကြည့်ရှုကြသူများမှ သဘောကျနှစ်ခြိုက်သည့် ပန်းချီကား ၂၂ ချပ် ဝယ်ယူအားပေးခဲ့ကြပြီး Kay and Car ပန်းချီမောင်နှမနှစ်ဦးမှ လက်မှတ်ရေးထိုးပေးခဲ့ကြသည်။

အဆိုပါပန်းချီပြပွဲသို့ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (နေပြည်တော်)၊ ပျဉ်းမနား)မှ ပန်းချီဆရာ၊ ဆရာမများ၊ ပန်းချီဝါသနာရှင်များက လာရောက်လေ့လာကြည့်ရှုခဲ့ကြပြီး ပြပွဲအား မတ်လ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **Naing Tun**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

လိုအပ်လျက်ရှိသည့် အဆောက်အဦများနှင့် လမ်းများထပ်မံဖြည့်တင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ တက္ကသိုလ်နယ်နိမိတ်လိုင်းစနစ်တကျရေးဆွဲသတ်မှတ်ပြီးစီးမှု၊ Recreation Center တည်ဆောက်ရန် Master Plan ၌ ထည့်သွင်းရေးဆွဲထားရှိမှု၊ ကျောင်းပတ်ဝန်းကျင်သာယာလှပရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လာမည့်ပညာသင်နှစ်အတွင်း လိုအပ်သည့်ပြင်ဆင်မှုများကို ယခုထက်ပိုမိုပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကျောင်းအဆောက်အဦများတည်ဆောက်ရာတွင် လိုအပ်သည့်အဆောက်အဦမှာ တက္ကသိုလ်အင်္ဂါရုပ်နှင့် ကိုက်ညီစွာ တည်ဆောက်နိုင်ရေး ကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ ကျောင်းပရိဝုဏ်အတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးရာတွင် စနစ်တကျ စိုက်ပျိုးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မသုံးထပ်စာသင်ဆောင်အသစ်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များနှင့်ပွဲကြည့်စင်နှင့် ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

လှိုင်သာယာမြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ပန်းခြံသို့ ရောက်ရှိရာ ပန်းခြံရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လှိုင်သာယာမြို့နယ်သို့ ရောက်ရှိစစ်ဆေးစဉ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လမ်းညွှန်ချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လှိုင်သာယာဘုရင့်နောင်ပြည်သူ့ပန်းခြံအား နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ကြားချက်နှင့်အညီ ဘက်စုံသုံးအဆောက်အဦများ၊ ပျော်ပွဲရွှင်ပွဲကျင်းပရန်နေရာများ၊ ယာဉ်ရပ်နားရန် နေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များအပါအဝင် အများပြည်သူအပန်းဖြေရန် နေရာများ ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပန်းခြံအတွင်း ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့မှုနှင့် ပြည်သူအများအပြား ပျော်ရွှင်စွာ လာရောက်ဆင်နွှဲခဲ့မှုများ၊ လှိုင်သာယာမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခင်နှစ်လာရောက်စစ်ဆေးစဉ် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ လျှပ်စစ်မီးတိုင်များ စနစ်တကျရှိစေရေးဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့မြင်ရကြောင်း၊ ရေထွက်စနစ်များ စနစ်တကျကောင်းမွန်စေရေး ရေနုတ်မြောင်းများ၊ တံတားများကို သတ်မှတ်ချက်များနှင့်အညီ ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ပြုပြင် ဆောင်ရွက်သွားရန် လိုကြောင်း၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ရေစီးရေလာကောင်းမွန်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးအလိုက်၊ လုပ်ငန်းဧရိယာအလိုက် တစ်ဆင့်ချင်း စနစ်တကျဖြင့် ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံအများအပြား ရှိပြီး အလုပ်လုပ်ကိုင်ကြသူများ အများအပြား နေထိုင်ကြသည်ဖြစ်သဖြင့် ပလက်ဖောင်းများ အဆင့်မီကောင်းမွန်ရန်လိုကြောင်း၊ မြို့နယ်အတွင်းစိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုပြီး မြို့နေပြည်သူလူထုနှင့်ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .

❖ ရေထွက်စနစ်များ စနစ်တကျကောင်းမွန်စေရေး ရေနုတ်မြောင်းများ၊ တံတားများကို သတ်မှတ်ချက်များနှင့်အညီ ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လို၊ လှိုင်သာယာတွင် ရေစီးရေလာကောင်းမွန်ရေးသည် အဓိကဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စတစ်ခုဖြစ်သဖြင့် အလေးထားဆောင်ရွက်၊ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ရေဝင်ရေထွက်ကောင်းမွန်ရမည်ဖြစ် . . .

❖ မြို့နယ်အတွင်းစိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် စနစ်တကျစီမံကိန်းချ၍ ဆောင်ရွက်သွားရန်လိုပြီး မြို့နေပြည်သူလူထုနှင့်ကိုက်ညီသည့် လူနေမှုပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် လှိုင်သာယာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အဖြစ် ပြောင်းလဲခဲ့မှုနှင့် တက္ကသိုလ်၏သမိုင်းကြောင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❖ လာမည့်ပညာသင်နှစ်အတွင်း လိုအပ်သည့်ပြင်ဆင်မှုများကို ယခုထက် ပိုမိုပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လို၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် . . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

★ ရှေ့ဖုံးမှအဆက်

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်မြို့နယ်ရှိသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေးက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အဖြစ် ပြောင်းလဲခဲ့မှုနှင့် တက္ကသိုလ်၏သမိုင်းကြောင်း ဆိုင်ရာအချက်အလက်များ၊ ဖွဲ့စည်းပုံ၊ ဘာသာရပ်အလိုက်၊ ပညာသင်နှစ်အလိုက် သင်ကြားပေးလျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပ ဘွဲ့လွန်သင်တန်းတက်ရောက်ရန် ပညာတော်သင်များရွေးချယ်စေလွှတ်လျက်ရှိမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ နည်းပညာအသုံးပြု သင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုစနစ်ဖြင့် သင်ကြားပေးလျက်ရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ လုပ်ငန်းခွင်သင်တန်းစေလွှတ်မှုနှင့် အလုပ်အကိုင်ရရှိမှု၊ International Conference on Advanced Information Technologies (ICAIT) တွင် စာတမ်းများတင်သွင်းနိုင်မှု၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် အဆောက်အဦတည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက္ကသိုလ်အတွင်း သင်ကြားရေးနှင့်နေထိုင်ရေးဆိုင်ရာ အဆောက်အဦလိုအပ်ချက်များနှင့်ပတ်သက်၍ မေးမြန်းပြီး တက္ကသိုလ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏အဆောင်များ နေရာချထားရာတွင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်အသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွင်း ပွဲကြည့်စင်နှင့် ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စနစ်တကျဖြစ်ရန်လိုပြီး သင်ကြားရေးဝန်ထမ်းများ၏ အိမ်ရာများ၊ အဆောင်များကိုလည်း စနစ်တကျထားရှိရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခု သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံအတွက် အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် တက္ကသိုလ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်အတွင်းလှည့်လည်၍ စာကြည့်တိုက်အတွင်းရှိ Digital Library စနစ်၊ လေ့ကျင့်ရေးအထောက်အကူပြုစနစ်၊ AI နည်းပညာသုံး သင်ကြားမှု သင်ယူမှုအထောက်အကူပြုစနစ်တို့ဖြင့် သင်ကြားပို့ချပေးနေမှုများ၊ လက်တွေ့ခန်း K-LAB အတွင်း ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့လေ့ကျင့်သင်ကြားပေးလျက်ရှိမှုများနှင့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုခန်းများ ထည့်သွင်းတည်ဆောက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်၊ ပင်မသုံးထပ်ဆောင်ခန်းမ၌ ပါမောက္ခချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ်အတွင်း လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်အတွင်း

စာမျက်နှာ ၁၅ သို့ ★

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects University of Information Technology and Yangon West Technological University



SAC Chairman Prime Minister Senior General Min Aung Hlaing hears reports on construction of concrete roads in Hlaingthaya.

NAY PYI TAW March 14

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, SAC members, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander and officials, inspected University of Information Technology, and Yangon West Technological University in Yangon Region this morning.

University of Information Technology

On arrival at the University of IT, the Department of Advanced Science and Technology, the Ministry of Science and Technology in Hlaing Township, the Senior General and party were welcomed by officials. At the meeting hall, Rector of the university Dr Saw Sanda Aye reported on the transformation of Yangon Computer Science University into University of IT, historical facts about the university, its structure, subject-wise and year-wise academic activities, selection of scholars for external and internal post-graduate courses, region/state-wise students of the university, application of technology and management system in teaching, availability of occupational training and job opportunities for students, submission of papers at the International Conference on Advanced Information Technologies (ICAIT), progress in extending the university buildings. Union Minister for Science and Technology Dr Myo Thein Kyaw presented a supplementary report.

As regards the reports, the Senior General asked for more information about the academic matters and hostel requirements, and pointed out the importance of systematic hostel accommodation for students and housing quarters for teaching staff. The Senior General said arrangements must be made for students to do physical exercises. The IT University has fine traditions. The ongoing academic undertakings must be in the interest of the country, he said, and gave guidance on beautifying the university and improving its appearance.

While looking around the university, the Senior General inspected the application of digital library system, training-aid system, AI system, teaching aid system, practical session in the K-LAB and inclusion of teaching-aid friendly classrooms, and looked into the requirements.



SAC Chairman Prime Minister Senior General Min Aung Hlaing inspects buildings in Yangon West Technological University.



SAC Chairman Prime Minister Senior General Min Aung Hlaing hears reports on construction works of Yangon West Technological University.

Yangon West Technological University

On arrival at Yangon West Technological University in Hlaingthaya Township, the Senior General and party were welcomed by Rector Dr Kyi Soe and faculty members.

At the hall of the main building, reports on progress in implementing the directives given by the Senior General during his inspection of the university in 2024, plans and undertakings to fulfil the building and road requirements of the university, progress in systematic demarcation of university borderline, adoption of a master plan for recreation center, and beautifying of the university environs and its appearance were presented.

See Page - 21 ●●

●● From Page - 21

consideration. It is essential to ensure that the entire township has effective water inflow and outflow systems. It is crucial to improve water flow and organize water outlets in a systematic manner before the arrival of the rainy season. In undertaking water flow improvement projects, it is essential to complete the work systematically, progressing step by step, section by section, and work area by work area. Hlaingthaya Township is home to numerous factories and workshops, with many residents working there. Therefore, it is crucial that the platforms be of high quality. It is essential to systematically plan and execute projects aimed at ensuring greenery, cleanliness, and beautification within the township, thereby creating a good living environment that is well-suited to the city's residents. He stated that, as township is part of the Yangon Metropolitan Area, urban development projects will continue to be implemented to transform it into a high-quality city, along with other necessary measures.

The Senior General then inspected the progress of water flow improvement in the township and provided necessary instructions based on the reports presented by the officials. **100**



SAC Chairman Prime Minister Senior General Min Aung Hlaing inspects a drainage system in Hlaingthaya Township.

More than 14,000 acres of chickpea planted in Myinmu Township

MYINMU March 14

Local farmers grew 14,193 acres of chickpea as cold season crops in Myinmu Township of Sagaing Region this year, according to the Sagaing District Agriculture Department.

In 2024-2025 cold season, local authorities earmarked cultivation of 13,534 acres of chickpea in Myinmu Township but local farmers could grow 14,193 acres of crops exceeding the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "Local officials set a plan to grow more than 13,000 acres of chickpea as cold season crops in Myinmu Township but farmers exceeded their cultivation of chickpea on more than 14,000 acres of croplands. Sown acreage of crops is on the rise yearly. Our department provides quality seeds of crops, agricultural inputs, post-harvest technology and other assistance for local farmers."

Local farmers prefer to choose Yezin-8 and Yezin-11 strains of chickpea suitable for the region. They cost more than Ks-300,000 per acre of growing chickpea.

This year, officials of the Township Agriculture Department cooperate with local farmers in distribution of quality seeds of crops, agricultural inputs and post-harvest technology and organize them to use Trichoderma in bean plantation to increase per-acre yield of crops.

Sagaing Region stands top in growing pulses and beans across the nation, and local farmers grow beans in mixed-cropping and double cropping patterns. **SK**

Phaungpyin Township cultivates over 5,000 acres of winter seed corn and millets

PHAUNGPYIN March 14

A total of 5,411 acres of seed corn and millets were planted during the winter crops planting season in Phaungpyin Township, Mawlaik District, Sagaing Region, according to the statistics of the Department of Agriculture for Mawlaik District.

In the 2024-2025 winter crops planting season, 820 acres of seed corn and 4,635 acres of millets were planned to be planted in Phaungpyin Township. So far, 800 acres of seed corn and 4,611 acres of millets have been planted since October 2024.

"We are providing education to ensure the success of corns and to prevent the spread of pests and diseases," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In Phaungpyin Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000. **SK**

ChaungU Township harvests over 10,000 acres of rain-fed pigeon pea

CHAUNGU March 14

A total of 10,211 acres of pigeon peas planted during the rainy season have been harvested in ChaungU Township, Monywa District, Sagaing Region, according to the Department of Agriculture for ChaungU Township.

ChaungU Township has been able to plant 20,203 acres of pigeon peas during this year's rainy season, and the pigeon peas that were planted have been harvested since December 2024. So far, 10,211 acres have been harvested, with an average yield of 17.77 baskets per acre.

"We also work to improve the yield of pigeon peas. We plant pigeon peas separately and also as an intercrop," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

The Township Agriculture Department has provided field education to farmers growing pigeon peas in ChaungU Township on selecting good and pure varieties, proper planting methods, pest control, and good yields. **SMK**

Sagaing Township plants over 3,000 acres of winter lablab beans

SAGAING March 14

A total of 3,524 acres of lablab beans have been planted in Sagaing Township, Sagaing District, Sagaing Region, during this year's winter crops planting season, according to the statistics of the Department of Agriculture for Sagaing Township.

In the 2024-2025 winter crops planting season, 3,530 acres of lablab beans have been planned for planting in Sagaing Township, and it has planted since October 2024. To date 3,524 acres have been planted.

"We are working with the bean growers to provide them with good quality seeds, inputs, and post-harvest technology to improve the yield and quality of lablab beans," said U Myo Thant Aung, head of Department of Agriculture for Sagaing Township.

The Township Agriculture Department is providing awareness-raising activities to the bean growers in Sagaing Township to expand their acreages for lablab bean cultivation, improve yields, cultivate good varieties using the GAP system, to plant good and pure varieties, and to grow high-yielding varieties. **SMK**

Trump confirms talks with Putin on Ukraine

WASHINGTON March 14

US President Donald Trump has confirmed Washington's talks with Russian President Vladimir Putin on Thursday about ending the Ukraine conflict. However, Trump's announcement on Truth Social caused confusion, making it seem like he spoke to Putin personally.

The White House later clarified that US special envoy Steve Witkoff spoke to the Russian president while visiting Moscow.

In his post, the US president praised the discussions but raised concerns over the thousands of Ukrainian troops trapped by Russian forces in Kursk Region, and urged Putin to allow them safe passage. He concluded his message with a plea for their survival and a prayer.

"We had very good and productive discussions with President Vladimir Putin of Russia yesterday, and there is a very good chance that this horrible, bloody war can finally come to an end — BUT, AT THIS VERY MOMENT, THOUSANDS OF UKRAINIAN TROOPS ARE COMPLETELY SURROUNDED BY THE RUSSIAN MILITARY, AND IN A VERY BAD AND VULNERABLE POSITION. I have strongly requested to President Putin that their lives be spared. This would be a horrible massacre, one not seen since World War II. God bless them all!!!" Trump wrote.

On Thursday, Putin responded to the US proposal of a 30-day ceasefire, reached with Ukrainian officials earlier this week. He stated that Russia is open to discussing the initiative but that the conditions must be clearly defined. The Russian president had previously stated that Moscow is unwilling to accept short-term pauses but remains ready to address the underlying causes of the conflict.

"These 30 days — how will they be used? To continue forced mobilization in Ukraine? To receive more arms supplies? To train newly mobilized units? Or will none of this happen?" the Russian president asked.

Putin also mentioned that Ukrainian troops who invaded Russia's Kursk Region in August 2024 are now cut off and that it is unclear what is to be done with them in the event of a truce.

"Are we supposed to let them out, after they committed mass war crimes against civilians? Will the Ukrainian leadership tell them to lay down their arms, and just surrender?" Putin said.

According to the head of the Russian General Staff, General Valery Gerasimov, Moscow's forces have regained control of 86 percent of the territory that was occupied by Ukraine in August 2024. The remaining Ukrainian units in the area have largely been "encircled" and "isolated," he stated on Wednesday. **RT**

American Airlines Boeing 737 bursts into flames

WASHINGTON March 14



An American Airlines passenger jet carrying 178 people caught fire on Thursday after an engine malfunction forced it to divert and land in an another city.

Flight 1006 was en route from Colorado Springs to Dallas Fort Worth when the crew detected engine vibrations, according to the Federal Aviation Administration (FAA). The Boeing 737-800 diverted to Denver, Colorado and landed safely.

"After landing and while taxiing to the gate an engine caught fire," the FAA statement said.

Photos and videos shared by news outlets captured dozens of passengers standing on the plane's wing while evacuating, surrounded by thick smoke.

The pilot informed Denver air traffic controllers of engine issues shortly before landing but stated it was not an emergency, CNN said, citing air traffic control audio from Live ATC.net.

American Airlines reported that all 172 passengers and six crew members safely exited the plane. Denver International Airport confirmed on X that 12 people were taken to the hospital with minor injuries.The latest case adds to a series of recent aviation incidents that have raised concerns about US aviation safety.

This year has already seen deadly crashes this year in Alaska, Philadelphia, and Washington, DC, where an American Airlines plane collided midair with a US Army Black Hawk helicopter in January, killing 67 people. **RT**

Iraqi PM announces killing of senior IS leader

BAGHDAD March 14

Iraqi Prime Minister Mohammed Shia' al-Sudani said on Friday that security forces had killed a senior Islamic State (IS) leader.

Abdallah Makki Muslih al-Rufay'i, also known as Abu Khadija, was killed in an operation by the Iraqi National Intelligence Service, with support from the Iraqi Joint Operations Command and international coalition forces, al-Sudani's office said in a statement.

Abu Khadija was the group's so-called "deputy caliph" and leader in Iraq and Syria, as well as the overseer of its external operations, the statement said. He was described as one of the world's most dangerous terrorists, though no details were provided on when or where he was killed.

Iraq declared victory over the Islamic State in 2017, but the group continues to wage attacks on security forces and civilians in urban areas, deserts, and remote regions.

Xinhua

A new US invasion of Panama in motion?

WASHINGTON March 14

US intentions in Panama triggered concerns after the Trump administration has reportedly asked the Pentagon for "military options" to secure the Panama Canal. Let's break it down.

The Trump administration is reportedly considering "credible military options" to secure access to the Panama Canal, aiming to strengthen the US presence and limit China's access.

US Southern Command is drafting strategies ranging from partnering with Panama's security forces to seizing the canal by force, NBC News reports.

The decision to use military force would depend on whether Panama cooperates with the US or not.

Defence Secretary Pete Hegseth has already reviewed the plans and is expected to visit Panama in April.

When US-Panama relations soured in the late 1980s, president George Bush senior, defence secretary Dick Cheney and general Colin Powell launched a military operation to overthrow Panamanian leader Manuel Noriega.

Noriega, once a close US ally and CIA asset under Bush's directorship at the agency, fell out of favor when Washington pressured him to step down. In response, he appeared to shift allegiance to the Soviet bloc.

The regime change plan for Panama was authorized in 1988, starting with a gradual increase in the US military presence in the Central American region.

On December 20, 1989, over 27,680 US troops and 300 aircraft were deployed to Panama. Bush claimed democracy, human rights, US lives, drug trafficking and maintaining the canal's neutrality as justifications.

US forces seized key locations, including land approaches to Panama City, Punta Paitilla Airport and the Rio Hato airfield.

Task Force Bayonet stormed Panama Defence Forces (PDF) headquarters, leading to the PDF's collapse and Noriega's surrender two weeks later.

Sputnik

●● From Page - 18

In response to the presentations, the Senior General emphasized the importance of making more thorough preparations for the upcoming academic year. He said it is essential to ensure that adequate facilities are provided to allow students to study in a comfortable environment. When constructing school buildings, it is important to develop a plan to ensure that the design aligns with the features of a university. Guidance is provided on how to systematically plant trees and other vegetation on school campus, along with additional requirements for the process.

Then, the Senior General inspected the progress of the new three-story main classroom building, the construction of classrooms, the auditorium, and the football field on the campus. He provided necessary instructions based on the presentations made by the officials.



SAC Chairman Prime Minister Senior General Min Aung Hlaing hears reports on activities of Yangon West Technological University.



SAC Chairman Prime Minister Senior General Min Aung Hlaing inspects the University of Information Technology.



SAC Chairman Prime Minister Senior General Min Aung Hlaing hears reports on tasks of the University of Information Technology.

Improving water flow in Hlaingthaya Township is a critical issue that requires urgent attention and careful consideration

Subsequently, the Senior General and party arrived at Bayintnaung Park. In the park's briefing hall, the region chief minister and the mayor provided an update on the Senior General's visit to Hlaingthaya Township. They discussed the progress of implementing guidelines for urban development, the construction and completion of public recreational areas, including multi-purpose buildings, recreational spaces, parking lots, playgrounds, and swimming pools at Hlaingthaya Bayintnaung Public Park, in line with directives from the Head of State. They also highlighted the successful events held in the park, which drew large crowds in celebration, as well as the ongoing cleanliness and beautification efforts in Hlaingthaya Township.

In response to the presentations, the Senior General recalled his inspection visit to Hlaingthaya Township last year, during which he had instructed the improvement of water flow and the installation of electricity poles. He noted that there are still ongoing needs related to these efforts. It is essential to systematically enhance the drainage systems, repair drainage ditches, and bridges to improve water flow, ensuring that all work is carried out according to specifications. Improving water flow in Hlaingthaya is a critical issue that requires immediate attention and serious

See Page - 19 ●●

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Business and Trade Dispute

တောင်ကိုရီးယား၏ ပြည်ပပို့ကုန်တင်ပို့မှု ပြန်လည်မြင့်တက်လာပြီး ဘဏ်များ၏ စုပေါင်းအသားတင်ဝင်ငွေမှာ ဒေါ်လာ ၁၅ ဘီလီယံခန့်အထိမြင့်တက်

တောင်ကိုရီးယားနိုင်ငံ၏ပြည်ပပို့ကုန်တင်ပို့မှုသည် ယခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဗဟိုဘဏ်၏ မတ်လ ၁၄ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်ပနိုင်ငံများ၏ ဓာတုထုတ်ကုန်ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေးကိရိယာများအတွက် ဝယ်လိုအားမြင့်တက်လာမှုကြောင့် ပို့ကုန်တင်ပို့မှုအညွှန်းကိန်းသည် ဖေဖော်ဝါရီလ အတွင်း၌ ၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုသည်ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ၁၀ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းလာပြီးနောက် ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် လအတွင်းက ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနက် ဓာတုပစ္စည်းတင်ပို့မှုသည်ပြန်လည်မြင့်တက်လာခြင်းကြောင့်တောင်ကိုရီးယားနိုင်ငံအတွင်းရှိဘဏ်များ၏ စုပေါင်းအသားတင်ဝင်ငွေမှာ ၂၂ ဒသမ ၄ ထရီလီယံ (ဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံခန့်) အထိမြင့်တက်လာသည်။

တောင်ကိုရီးယားနိုင်ငံသည်အခြားနိုင်ငံများသို့ ဓာတုထုတ်ကုန်များ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် အခြားအရေးပါသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်တင်ပို့လျက်ရှိသည်။

Ref: Xinhua



အမေရိကန်နှင့် တရုတ်တို့ကြား ဖြစ်ပွားသည့် ကုန်သွယ်ရေးစစ်ပွဲတွင် တရုတ်ကအကျိုးအမြတ်ရရှိဟုဆို



အမေရိကန်နှင့် တရုတ်တို့ကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေးသဘောထားကွဲလွဲမှု သို့မဟုတ် ကုန်သွယ်ရေးစစ်ပွဲတွင် တရုတ်နိုင်ငံက အကျိုးအမြတ်ရရှိနေသည်ဟု ဥရောပသံတမန်ရေးရာ အကြီးအကဲ ကာယာကောလက်က မတ်လ ၁၄ ရက်တွင်ပြောသည်။

အမေရိကန်အစိုးရသည် လက်ရှိတွင် တရုတ်နိုင်ငံနှင့်သာမက ဥရောပနှင့်လည်း ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲလျက်ရှိပြီး အထူးသဖြင့် ပြင်သစ်နိုင်ငံမှ တင်သွင်းလာသည့် ယမကာများအပေါ် အခွန် ၂၀၀ ရာခိုင်နှုန်းချမှတ်မည်ဟု သမ္မတထရမ့်က ခြိမ်းခြောက်ထားသည်ဟု ကာယာကောလက်က Bloomberg နှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ ထို့ကြောင့် အမေရိကန်၏အဆိုပါ လုပ်ဆောင်ချက်အား ဥရောပသမဂ္ဂ (အီးယူ)က တုံ့ပြန်ရန်အသင့်ရှိနေပြီဖြစ်သည်။

ထို့ပြင်ထရမ့်ဦးဆောင်သည့်အမေရိကန်အစိုးရသည် မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကနေဒါနှင့်လည်း အခွန်တိုးမြှင့်ကောက်ခံမှုကြောင့် အငြင်းပွားလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်၏ကုန်သွယ်ရေးစစ်ပွဲတွင် အကျိုးအမြတ်ရရှိနေသည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်သည်ဟု ကာယာကောလက်က ပြောကြားခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အီးယူအဖွဲ့ဝင်နိုင်ငံများက အမေရိကန်မှတင်ပို့သည့် ဝီစကီများအပေါ် အခွန်တိုးမြှင့် ကောက်ခံမည့်အစီအစဉ်အား တုံ့ပြန်မည်ဟုထရမ့်က ခြိမ်းခြောက်ထားသည်။ ထို့ကြောင့် အမေရိကန်နှင့် ၎င်း၏မဟာမိတ်များအကြား ကုန်သွယ်ရေးတင်းမာမှုများဖြစ်ပွားနေခြင်းသည် တရုတ်နိုင်ငံအား ထရမ့်အစိုးရနှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲ၌ အသာစီးရရှိစေရန် ဖန်တီးပေးလျက်ရှိသည်ဟု ကျွမ်းကျင်သူများက ပြောကြားထားသည်။

Ref: Bloomberg, RT

ကြက်ဥဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ကြက်ဥများတင်ပို့ရန် ဒိန်းမတ်အပါအဝင် ဥရောပနိုင်ငံများအား အမေရိကန်တောင်းဆို

အမေရိကန်ပြည်ထောင်စုတွင် ကြက်ဥဈေးနှုန်းများမြင့်တက်နေခြင်းကြောင့် အစိုးရက ဒိန်းမတ်အပါအဝင် အခြားဥရောပနိုင်ငံများအား ကြက်ဥများပေးပို့ရန်တောင်းဆိုခဲ့သည်ဟု ဒိန်းမတ်ကြက်ဥရောင်းဝယ်ရေးအဖွဲ့အစည်းက မတ်လ ၁၄ ရက်တွင် ထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါပိုး ကူးစက်မှုများကြောင့် အာဏာပိုင်အဖွဲ့က ကြက်များအား ဖယ်ရှားရှင်းလင်းခဲ့ရာ ယခုအခါ ကြက်ဥလက်ကားဈေးနှုန်းသည် စံချိန်တင်မြင့်တက်လျက်ရှိသည်။ သို့သော် ထရမ့်က ကြက်ဥဈေးနှုန်းများကို လျှော့ချမည်ဟု ၎င်းသမ္မတအဖြစ်တက်ရောက်လာပြီးနောက်ကတိပေးထားခဲ့သော်လည်း ကြက်ဥဈေးနှုန်းသည် ဖေဖော်ဝါရီလအတွင်းမှာပင် ၅၉ ရာခိုင်နှုန်းမြင့်တက်လာသည်။

ထို့ကြောင့် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဒိန်းမတ်နိုင်ငံအပါအဝင် ဥရောပရှိ ကြက်ဥထုတ်လုပ်သည့် နိုင်ငံများအား အမေရိကန်ဈေးကွက်သို့ ကြက်ဥများတင်ပို့ရန် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် တရားဝင်တောင်းဆိုမှုကိုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အမေရိကန်ပြည်ထောင်စုသည် တူကီယဲမှ ကြက်ဥတန်ချိန်ပေါင်း ၁၅၀၀၀ ခန့်ကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ တင်သွင်းရလျက်ရှိသည်။

နိုင်ငံအတွင်း၌ ဖြစ်ပွားသည့် ကြက်၊ ငှက်တုပ်ကွေးရောဂါကူးစက်မှုကို တိုက်ဖျက်နိုင်ရေးအတွက် အသုံးပြုမည့်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိစီမံကိန်း၏တစ်စိတ်တစ်ဒေသအဖြစ် အမေရိကန်က အခြားနိုင်ငံများမှ ကြက်ဥများကို တင်သွင်းသွားမည်ဖြစ်သည်ဟု အမေရိကန်စိုက်ပျိုးရေးဝန်ကြီး ဘရွတ်ရိုးလင်းက ကြေညာထားကြောင်း သိရသည်။

Ref: ST

ဒန်းဟားလေဆိပ်သို့ ဆင်းသက်လာသည့် အမေရိကန်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းမီးစွဲလောင်၊ ခရီးသည် ၁၂ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရ

လေ့ာ်အိန်ဂျလီ၊ မတော်တဆမှု

အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်ရှိ ဒန်းဗားအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်လာသည့် ခရီးသည်တင်လေယာဉ်တစ်စင်းသည် လေဆိပ်သို့ဆင်းသက်ပြီးနောက် မီးစွဲလောင်ကျွမ်းရာ အာဏာပိုင်အဖွဲ့က ခရီးသည် ၁၂ ဦးကို ဆေးရုံသို့ပို့ဆောင်၍ ကျန်ခရီးသည်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမေရိကန်လေကြောင်းစီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်သည်။

အမေရိကန်လေကြောင်းလိုင်းပိုင် Boeing 737 လေယာဉ်သည် ကော်လိုရာဒိုစပရင်းမှ မတ်လ ၁၃ ရက်တွင် ထွက်ခွာလာပြီးနောက် လေယာဉ်၏အင်ဂျင်သည် တုန်ခါလျက်ရှိသည်ဟု လေယာဉ်အမှုထမ်းများက သက်ဆိုင်ရာသို့ သတင်းပို့ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လေယာဉ်၏ပျံသန်းမှုလမ်းကြောင်းအား ဒန်းဗားလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ အဆိုပါလေယာဉ်သည် ကနဦးတွင် တက္ကဆပ်ပြည်နယ် ဒါးလက်ဖို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပျံသန်းလာခြင်းဖြစ်ကြောင်း သိရသည်။ လေဆိပ်သို့ ဆင်းသက်ပြီးနောက်တွင် လေယာဉ်မှာ မီးစွဲလောင်ကျွမ်းခဲ့ခြင်းကြောင့် ဒဏ်ရာရရှိသူ ၁၂ ဦးအား သက်ဆိုင်ရာက ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း၊ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၁၇၂ ဦးနှင့် အမှုထမ်းခြောက်ဦးလိုက်ပါလာခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကို အာဏာပိုင်များက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref: Ivt, Xinhua

အပစ်အခတ်ရပ်စဲရေးကို ရုရှားက မူအားဖြင့်သဘောတူပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးထွက်ပေါ်လာစေရန် ကြိုးပမ်းရမည်ဟု ပူတင်ပြော



မော်စကို၊ ငြိမ်းချမ်းရေး

အမေရိကန်ကအဆိုပြုသည့် ယူကရိန်းတွင် ရက်ပေါင်း ၃၀ ကြာ အပစ်အခတ်ရပ်စဲရေးကို ရုရှားနိုင်ငံက မူအားဖြင့်သဘောတူပြီး ထိုသို့သောသဘောတူညီချက်မှ တစ်ဆင့် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးထွက်ပေါ်လာစေရန် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ပြောကြားလိုက်ကြောင်းသိရသည်။

အမေရိကန်အစိုးရ၏ အပစ်အခတ်ရပ်စဲရေးစိတ်ကူးသည် မှန်ကန်သောဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်ဟု ရုရှားနိုင်ငံကယုံကြည်လျက်ရှိပြီး ယင်းစိတ်ကူးကို အပြည့်အဝထောက်ခံကြောင်း သမ္မတပူတင်က မတ်လ ၁၃ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ သတင်းထောက်များကိုပြောသည်။

ရုရှားနိုင်ငံအနေဖြင့်လည်း အပစ်အခတ်ရပ်စဲရန် အသင့်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ယူကရိန်းပဋိပက္ခကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ဖြေရှင်းခြင်းကို ရုရှားနိုင်ငံက သဘောတူသော်လည်း ရုရှားနှင့်ယူကရိန်းတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မချမှတ်မီ အချို့ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဖြေရှင်းရန်လိုအပ်နေဆဲဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အထူးသဖြင့် ရုရှားနိုင်ငံအနေဖြင့် အဆိုပါကိစ္စရပ်များအား အမေရိကန်အစိုးရနှင့် ဆွေးနွေးရန်လိုအပ်လျက်ရှိသည်ဟု ပူတင်ကဆက်လက်ပြောကြားသည်။

အလားတူပင် ရုရှားနှင့် အမေရိကန်တို့ကြား ဆွေးနွေးရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ပုဂ္ဂိုလ်ရေးအရ ဆွေးနွေးရန်လိုအပ်သည်ဟု ပူတင်ကထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားအစိုးရက ဆွေးနွေးရန်လိုအပ်နေသည့်ကိစ္စရပ်များတွင် ရုရှားနှင့် ယူကရိန်းတို့ကြား ချမှတ်မည့်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ကြည့်ထိန်းချုပ်နိုင်မည့် စနစ်များ၊ ယူကရိန်းအစိုးရက အပစ်အခတ်ရပ်စဲရေးကိုအသုံးချ၍ ရှေ့တန်းစစ်ဂျက်နာရှိ ၎င်းတို့၏ စစ်သည်များအား လက်နက်နှင့်စစ်အင်အားပြန်လည်ဖြည့်တင်းခြင်းတို့ကို လုပ်ဆောင်ရန် ကြိုးပမ်းလာနိုင်မှုတို့ပါဝင်ကြောင်းသိရသည်။

တစ်ချိန်တည်းမှာပင် သမ္မတပူတင်သည်ထရမ့်၏အထူးသံတမန်စတိဗ်ခ်ကော့နှင့်တွေ့ဆုံ၍ ဆွေးနွေးရန်လိုအပ်ချက်များကို ထရမ့်ထံသို့ ပေးပို့ခဲ့သည်ဟု မီဒီယာတစ်ခုတွင်ဖော်ပြသည်။ **Ref: RT, NPN**

ဂျိုးဘိုင်ဒင်လက်ထက် ရုရှားဘဏ္ဍာရေးအဖွဲ့အစည်းများအပေါ် ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများကို အမေရိကန်က ရက်ပေါင်း ၆၀ ကင်းလွတ်ခွင့်ပြု



ဝါရှင်တန်၊ စီးပွားရေး

အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်လက်ထက်က ရုရှားဘဏ္ဍာရေးအဖွဲ့အစည်းများအပေါ် ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက ရက်ပေါင်း ၆၀ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ဘိုင်ဒင်အစိုးရသည် အမေရိကန်ဒေါ်လာဖြင့် ပေးချေသည့် အခြေခံအဆောက်အဦများအား အသုံးပြုခွင့်ကန့်သတ်နိုင်ရန် အတွက် ရုရှားဗဟိုဘဏ်အပါအဝင် စွမ်းအင်ကဏ္ဍရှိ ရုရှားဘဏ္ဍာရေးအဖွဲ့အစည်း ၁၂ ခုအပေါ် ပိတ်ဆို့မှုများချမှတ်ထားခြင်းဖြစ်ပြီး ၎င်းပိတ်ဆို့မှုများကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက မတ်လ ၁၃ ရက်တွင် ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပိတ်ဆို့မှုများအား ကင်းလွတ်ခွင့်ပြုထားသည့်ကာလအတွင်း ရုရှားနိုင်ငံအနေဖြင့် ပေးချေရန် ကျန်ရှိနေသည့် ငွေကြေးကိစ္စရပ်များကို ရှင်းလင်းနိုင်ရန်အတွက်ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိသမ္မတဒေါ်နယ်ထရမ့်သည်စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ရုရှားနှင့် ဆက်ဆံရေးကို ပုံမှန်ပြန်ဖြစ်စေရန်အတွက် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ခဲ့ပြီး ရုရှားအစိုးရအနေဖြင့် ယူကရိန်းပဋိပက္ခတွင် အပေးအယူလုပ်ဆောင်ရန် တွန့်ဆုတ်နေမည်ဆိုပါက ပိတ်ဆို့မှုများ ထပ်မံချမှတ်သွားမည်ဟု ထရမ့်အစိုးရက သတိပေးထားကြောင်းသိရသည်။

အမေရိကန်အစိုးရသည် ယူကရိန်း ပဋိပက္ခအဆုံးသတ်ရေးနှင့် စစ်မက်ဖြစ်ပွားခြင်းကို ဖြေရှင်းနိုင်ရန်အတွက် စေ့စပ်ဆွေးနွေးမှုများလုပ်ဆောင်ခြင်းအပေါ် အဓိကထားလုပ်ဆောင်လျက်ရှိပြီး မိမိတို့၏ ရည်မှန်းချက်များ ပြည့်ဝစေရန်အတွက် ပိတ်ဆို့မှုများကို ဖိအားပေးမှုအဖြစ်ဆက်လက်ဖော်ဆောင်သွားမည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်းသိရသည်။ **Ref: RT**

ဂရင်းလန်းကျွန်းအား အမေရိကန်က နိုင်ငံအတွင်းသို့ပေါင်းစည်းနိုင်မည်ဟု ယုံကြည်ကြောင်းထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

ဂရင်းလန်းကျွန်းအား အမေရိကန်က နိုင်ငံအတွင်းသို့ပေါင်းစည်းနိုင်မည်ဟု ယုံကြည်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ဂရင်းလန်းအား နိုင်ငံအတွင်းသို့ ပေါင်းစည်းရာတွင် နေတိုးအဖွဲ့က အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း ထရမ့်က မတ်လ ၁၃ ရက်တွင် နေတိုးအဖွဲ့မှအတွင်းရေးမှူးချုပ် မာ့ရက်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု အမေရိကန်သတင်းဌာနတစ်ခုဖြစ်သည့် The Hill က ဖော်ပြထားသည်။

သို့ရာတွင် ဒိန်းမတ်ပိုင် ဂရင်းလန်းကျွန်းအား ပေါင်းစည်းရန် ထရမ့်၏ ကြိုးပမ်းမှုနှင့်ဆက်နွယ်သည့် မည်သည့်ဆွေးနွေးမှုမျိုးမဆိုလုပ်ဆောင်ခြင်းသည် မိမိ၏လုပ်ပိုင်ခွင့်ကို ကျော်လွန်နေပြီး အမေရိကန်၏အဆိုပါကြိုးပမ်းမှုအတွင်း သို့ နေတိုးအဖွဲ့အား ဆွဲသွင်းရန် အလိုမရှိကြောင်း မာ့ရက်ကတုံ့ပြန်ပြောကြားခဲ့သည်ဟု သိရသည်။

ကမ္ဘာ့အကြီးဆုံးကျွန်းတစ်ခုဖြစ်သည့် ဂရင်းလန်းကျွန်းတွင် လူဦးရေ ၆၀၀၀၀ ခန့် နေထိုင်လျက်ရှိသည်။

၎င်းကျွန်းသည် ၁၉၅၃ ခုနှစ်မတိုင်မီ အထိ ဒိန်းမတ်နိုင်ငံ ကိုလိုနီအဖြစ် တည်ရှိခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ဒိန်းမတ်နှင့် ပေါင်းစည်းထားသော နယ်မြေအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ခြင်းကြောင့် ဂရင်းလန်းရှိဒေသခံများကိုလည်း ဒိန်းမတ်အစိုးရက နိုင်ငံသားအဖြစ် ခံယူခွင့်ပြုခဲ့ကြောင်း သိရသည်။

ယင်းနောက်တွင်ဒိန်းမတ်အစိုးရက ဂရင်းလန်းကျွန်း၏နိုင်ငံခြားရေးနှင့်ကာကွယ်ရေးမူဝါဒများကို ဆက်လက်ထိန်းချုပ်ထားသော်လည်း ၎င်းကျွန်းသည် ၁၉၇၉ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ **Ref: Xinhua**

နိုင်ငံတကာသတင်းတိုကဏ္ဍ

ကာ့စ်ဒေသတွင် ပိတ်မိနေသည့် ယူကရိန်းစစ်သည် ထောင်ပေါင်းများစွာအား ချမ်းသာပေးရန် ထရမ့်က ပူတင်အားတောင်းဆို

ရုရှားနိုင်ငံ ကာ့စ်ဒေသတွင် ရုရှားတပ်များ၏ ပိတ်ဆို့မှုအတွင်း ပိတ်မိနေသည့် ထောင်ပေါင်းများစွာသော ယူကရိန်းစစ်သည်များအား အသက်ချမ်းသာခွင့်ပြုရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားသမ္မတ ဗလာဒီမာပူတင်အား လေးနက်စွာတောင်းဆိုလိုက်ကြောင်းသိရသည်။

ထရမ့်သည် အဆိုပါတောင်းဆိုချက်အား ရုရှားသမ္မတပူတင်နှင့် ဖုန်းမှတစ်ဆင့် ပြောဆိုဆွေးနွေးစဉ် ပြောကြားခြင်းဖြစ်ပြီး ပိတ်မိနေသည့် ယူကရိန်းစစ်သည်များသည် ခုခံနိုင်စွမ်းမရှိသည့် အခြေအနေတွင် ရှိနေကြောင်းသိရသည်။

ရုရှားသမ္မတ ပူတင်နှင့် ဖုန်းမှတစ်ဆင့်ဆွေးနွေးရာတွင် ယူကရိန်းပဋိပက္ခအား အဆုံးသတ်နိုင်မည့်အလားအလာကောင်းများရှိနေသော်လည်း လက်ရှိတွင် ကာ့စ်ဒေသရှိ ပိတ်မိနေသည့် ယူကရိန်းစစ်သည်များမှာ အခြေအနေဆိုးရွားနေခြင်းကြောင့် ထရမ့်က ပူတင်အား တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref: Sputnik

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် H5N1 ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် သတိပေးချက်ထုတ်ပြန်

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် H5N1 ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုကြောင့် အာဏာပိုင်အဖွဲ့က ပြည်နယ်အတွင်းရှိ ခရိုင်အချို့တွင် သတိပေးချက်များထုတ်ပြန်ခဲ့ရကြောင်း အစိုးရအဖွဲ့က မတ်လ ၁၄ ရက်တွင် ပြောသည်။

H5N1 ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုသည် ပြည်နယ်အတွင်းရှိ ပါတနာ၊ ဘာဂါပူရ၊ နာဝါဒါနှင့် ဂျီဟာနာဘတ်ခရိုင်တို့တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်းသိရသည်။

ရောဂါကူးစက်မှုကြောင့် အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက အဆိုပါခရိုင်များအတွင်းရှိ မွေးမြူရေးခြံများမှ ကြက်များကို သုတ်သင်ရှင်းလင်းခဲ့ရသည်။

အဆိုပါခရိုင်များရှိ ကြက်များမှ ထုတ်ယူရရှိသည့် နမူနာများအား ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးခဲ့ရာ ကြက်များမှာ ရောဂါပိုးကူးစက်ခံထားရသည်ဟု သိရသည်။ ထို့ကြောင့် ရောဂါကူးစက်မှုဖြစ်ပွားသည့် ဒေသများတွင် အာဏာပိုင်အဖွဲ့က ရောဂါကူးစက်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

Ref: Xinhua

ရပ်စောက်၌ (၃၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



ရပ်စောက် မတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌(၃၉)ကြိမ်မြောက် တပေါင်းလပြည်နေ့ ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့က စူဠဥမြတ်မုနိကုသိုလ်တော်ဘုရားကြီး မင်္ဂလာလမ်းမတစ်ဆင့် ရွှေညောင်-ရပ်စောက်ကားလမ်းမအတိုင်း မြို့မဈေးနာရီစင်အဝိုင်းပတ်အထိ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရပ်စောက်မြို့နယ်အတွင်းရှိ ပင့်ကျောင်း ၂၉ ကျောင်းမှ သံဃာတော် ၅၇၂ ပါးနှင့် သီလရှင် ၃၈ ပါးတို့အား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဆမ်ခမ်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကဘဏ်ခွဲများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်အလှူရှင်များစုပေါင်း၍ သတ်မှတ်နေရာများအတိုင်း ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆပ်ကပ်လှူဒါန်းကြကြောင်းသိရသည်။

မြို့နယ်ပြန်/ ဆက်

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့် ဘိုကလေးမြို့နယ်မှ ဆရာတော် မြို့နယ်တွင်းသို့လှည့်လည်အပူဇော်ခံ



ဘိုကလေး မတ် ၁၄

နိုင်ငံတော်အစိုးရမှ ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်တော်မူခြင်းခံရသည့် ဇရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မဂ္ဂင်ရိပ်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယသည် ယနေ့နံနက် ၇ နာရီတွင် မြို့တွင်းသို့ မင်္ဂလာစည်တော်နှင့်အတူ လှည့်လည်အပူဇော်ခံခဲ့သည်။

လှည့်လည်အပူဇော်ခံရာတွင် ဘိုကလေးမြို့အဝင် နတ်ချောင်းတံတားမှ စတင်၍ မြို့နယ်အတွင်းသို့ လှည့်လည်အပူဇော်ခံကြခြင်းဖြစ်ပြီး အပူဇော်ခံရာလမ်းတစ်လျှောက် သာသနာ့ ဒါယကာ/ဒါယိကာမများက လှူဖွယ်ဝတ္ထုအစုစုအား လောင်းလှူပူဇော်ကြကြောင်းနှင့် အပူဇော်ခံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ဆရာတော်ကြီး၏ တပည့်ဒါယကာ/များက လိုက်ပါကုသိုလ်တော်ပြုဆောင်ရွက်ကြကြောင်းနှင့် ဆရာတော်အား မြို့နယ်၌ ထပ်ဆင့်ဂုဏ်ပြုပွဲအဖြစ် ဧပြီလ ၄ ရက်တွင် ဘိုကလေးမြို့ မဂ္ဂင်ရိပ်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

လှိုင်းဘွဲ့မြို့နယ်တွင် ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်ပွဲကျင်းပ



လှိုင်းဘွဲ့ မတ် ၁၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပအိုဝ်းတိုင်းရင်းသားများက စုပေါင်း၍ (၇၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ် စတုဒိသာကျွေးမွေးဧည့်ခံခြင်းနှင့် ပအိုဝ်းတိုင်းရင်းသားအကများဖြင့် ကပြဖျော်ဖြေခြင်းတို့ကို ယမန်နေ့ညနေပိုင်းက လှိုင်းဘွဲ့မြို့(က)ရပ်ကွက်၌ ဆောင်ရွက်သည်။

အဆိုပါ ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်ကို လှိုင်းဘွဲ့မြို့ပေါ်ရှိရပ်ကွက်များမှ ပအိုဝ်းတိုင်းရင်းသားများက စုပေါင်းကာ မုန့်ဟင်းခါးနှင့်အအေးတို့ကို ဧည့်ခံကျွေးမွေးကြပြီး ပအိုဝ်းအမျိုးသားနေ့ကို ပအိုဝ်းအမျိုးသားများအားလုံး တန်ဖိုးထား တတ်စေရန်၊ မျိုးချစ်စိတ်ဓာတ်ခိုင်မြဲစေရန်၊ ရိုးရာ၊ ယဉ်ကျေးမှု၊ စာပေတို့ကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်အတွက် ပအိုဝ်းတိုင်းရင်းသားလူငယ်များက ပအိုဝ်းတိုင်းရင်းသားအကများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

စောဒိ(ပြန်/ဆက်)

38th Junior Golf Myanmar Championship (JGM)

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Junior Golf Myanmar (JGM)၏ (၃၈)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဧပြီလ ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်း၊ အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းနှင့် ၁၄ နှစ်အောက်သက်တမ်းဟူ၍ ကျင်းပမည်ဖြစ်ပြီး R&A Rules Limited/နှင့် USGA တို့၏ Rules of Golf – 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်ကြမည့် Junior ဂေါက်သီးရိုက် အားကစားသမားများ အနေဖြင့် ဧပြီလ ၅ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၅၁၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဝန်းရံခ

ညောင်ဦးမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် စာစစ်စင်တာများနှင့် ပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ညောင်ဦး မတ် ၁၄

မကြာမီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကျင်းပတော့မည်ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကျင်းပရန် စီစဉ်ထားရှိသော စာစစ်စင်တာကျောင်းများနှင့် ကျောင်းပတ်ဝန်းကျင်ရှိ လူနေရပ်ကွက်များ၌ မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ စစ်ဆေးအကြံပြုခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မတ်လ ၁၄ ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း တောင်ဇင်းစာစစ်စင်တာနှင့် ကျောင်းပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် တောင်ဇင်းနယ်မြေမီးသတ်စခန်းတာဝန်ခံနှင့်တပ်ဖွဲ့ဝင်များက တောင်ဇင်းတိုက်နယ်အခြေခံပညာအထက်တန်းကျောင်း စာစစ်စင်တာကျောင်းပတ်ဝန်းကျင်ရှိ လူနေအိမ်များသို့ သွားရောက်၍ အိမ်ထောင်ဦးစီးများကို တွေ့ဆုံကာ မကြာမီတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကျင်းပတော့မည်ဖြစ်၍ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း မီးလောင်မှု/မီးလန့်မှုများမဖြစ်အောင် မီးဘေးလုံခြုံရေးဆိုင်ရာများကို အထူးဂရုပြုဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် နယ်မြေမီးသတ်စခန်းတာဝန်ခံနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မီးလောင်မှု/ မီးလန့်မှုမဖြစ်စေရေး တောင်ဇင်းတိုက်နယ် အခြေခံပညာအထက်တန်းကျောင်း စာစစ်စင်တာကျောင်းအနီးရှိ လူနေအိမ်များနှင့် ဘုန်းတော်ကျေးရွာအတွင်း အိမ်ခြေ ၉၄ အိမ်၊ အိမ်ထောင်စု ၁၀၁ စု၊ လူဦးရေ ၃၉၆ ဦးတို့အား မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ထူးခြားသည့်နေ့အပူချိန်များ

၁၄-၃-၂၀၂၅

ချောက်	၄၃	ဒသမ	၁	ဒီဂရီဆဲလ်စီးယပ်	အောင်လံ	၄၁	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
ညောင်ဦး	၄၁	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	မြင်းခြံ	၄၁	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မကွေး	၄၁	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်	မင်းဘူး	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ဆင်ဖြူကျွန်း	၄၁	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်	စစ်ကိုင်း	၄၁	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မန္တလေး	၄၁	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	တောင်တွင်းကြီး	၄၀	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်

ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ



ဇလွန် မတ် ၁၄

ဇရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကျင်းပခဲ့သည်။

တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ) အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး အကျိုးတော်ဆောင်ဂေါပက အဖွဲ့၏ ဩဝါဒါစရိယဇင်ယော်ကျွန်း ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ငါးပါးသီလခံယူခဲ့ကြပြီး ဆရာတော် သံဃာတော်များအား နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဩဝါဒါစရိယ ဇင်ယော်ကျွန်းကျောင်း ဆရာတော် ဘဒ္ဒန္တသီလဝံသက အနုမောဒနာတရားချီးမြှင့်၍ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေခဲ့သည်။ ယင်းနောက် တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ) အခမ်းအနားကို “ဗုဒ္ဓသာသနံစိရံတိဋ္ဌတု ” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မောင်း၊ ကြေးစည်၊ ထိုးစည်များတီးခတ်ပြီး အောင်ပွဲအခမ်းအနားပြီးမြောက်ခဲ့သည်။

ယင်းနောက် ၁၃၈၃ ခုနှစ် တပေါင်းလ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ဌာနဆိုင်ရာ အသင်းအဖွဲ့များ ၊ အလှူရှင်များ၏စုပေါင်း ဆွမ်းဆန်စိမ်းနှင့်စာရေးတံမဲ လောင်းလှူပွဲကို မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး ဝင်းအတွင်းတွင် ကျင်းပရာ ဇလွန်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၄၂ ကျောင်းမှ သံဃာတော် ၆၁၈ ပါး၊ သီလရှင် ၂၅ ပါး စုစုပေါင်း ၆၄၃ ပါးအား ဆန် ၁၀၈ အိတ်၊ ဆီ ၃၂၁ ဒဿမ ၅ ပိဿာ၊ ပဲ ၄၀ ဒဿမ ၅ တင်း၊ ကြက်သွန်နီ ၆၄၃ ပိဿာ၊ လက်ဖက်ခြောက် ၆၄ ဒဿမ ၃ ပိဿာ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၄၉၄၂၀၆၅၊ စာရေးတံမဲအလှူငွေကျပ်သိန်း ၈၁၅၀၀၀၀၊ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)အခမ်းအနားတွင် ကြွရောက်လာသော ဆရာတော်သံဃာတော်များအား လှူဒါန်းငွေကျပ်သိန်း ၈၄၀၀၀၀၀ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၄၁၄၂၂၀၆၅ တို့ကို စုပေါင်းလောင်းလှူခဲ့ကြသည်။

ဝေယံ - ဇလွန်(ပြန်/ဆက်)

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၀.၄	/	၃၇.၄
ရန်ကုန်	၂၀.၄	/	၃၉.၄
မန္တလေး	၂၃.၄	/	၃၉.၄

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ဓနုဖြူမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဓမ္မဝိနယစာမေးပွဲကြီး (၅၁)ကြိမ်မြောက် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ



ဓနုဖြူ မတ် ၁၄

ဇရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဓမ္မဝိနယစာမေးပွဲကြီး (၅၁)ကြိမ်မြောက် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၃)ရပ်ကွက် ခင်မကန်ကျောင်းတိုက်၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးရေဝတထံမှ သရဏဂုံနှင့် ငါးပါးသီလခံယူဆောက်တည်ခဲ့သည်။ ထို့နောက် ဆရာတော်ကြီးများနှင့် နာယကဆရာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဓနုဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့သည်။ အဆိုပါ ဓမ္မဝိနယစာမေးပွဲကြီးတွင်ပထမကြီးတန်းအောင် နှစ်ပါး၊ ပထမလတ်တန်းအောင် ၁၁ ပါး၊ ပထမငယ်တန်းအောင် ၄၅ ပါး၊ အခြေပြုမူလတန်းအောင် ၆၈ ပါးနှင့် သာမဏေမူလတန်းအောင်၅၅ပါး စုစုပေါင်း ၁၈၁ ပါးတို့ကို ပဉ္စင်ဆောင်ပူဇော်ကာ အောင်လက်မှတ်နှင့်တကွစာအောင်ဆုများဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ဓမ္မဝိနယ (၅၁)ကြိမ်မြောက်ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးချစ်တိုးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး မြို့နယ်သံဃနာယကအတွင်းရေးမှူးဆရာတော် ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တ ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချတရားနာယူ၍ ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

တောင်သူပူးပေါင်းပါဝင်သော ဆင်းရွှေကြာ-၂ နေကြာမျိုးရွေးချယ်ခြင်းကွင်းသရုပ်ပြပွဲကျင်းပ

နေပြည်တော် မတ် ၁၄

တောင်သူများပူးပေါင်းပါဝင်သော ဆင်းရွှေကြာ-၂ နေကြာမျိုးရွေးချယ်ခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းစံပြစိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေးသည်။

ကွင်းသရုပ်ပြပွဲ၌ တောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နေကြာသီးနှံသည် စိုက်ပျိုးရေးဂေဟစနစ်ကောင်း/မကောင်းကို ညွှန်ပြပေးနိုင်သော သီးနှံတစ်မျိုးဖြစ်ပြီး ပျက်စီးနေသည့် ဂေဟစနစ်ကိုလည်း ပြန်လည်ပြုပြင်ပေးနိုင်သော သီးနှံတစ်မျိုးဖြစ်ကြောင်း၊ နေကြာကို သင့်တော်သည့် သီးနှံပုံစံတွင် ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပျား၊ ပိတုန်း၊ လိပ်ပြာ စသည့်ဝတ်မှုန်



ကူးမှုကို အထောက်အကူပြုသည့် ပိုးမွှားများ များပြားလာကာ သီးနှံများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ သီးလှည့် စိုက်ပျိုးနိုင်ရေးအတွက် မိုးစပါးပြီး စိုက်ပျိုးနိုင်သည့် သီးနှံများကိုစာရင်းပြုစုကာ ပညာရှင်နှင့် တောင်သူများအားလုံး ပူးပေါင်းညှိနှိုင်း၍ လူထုအခြေပြု သီးလှည့်စနစ်ကို ဆောင်ရွက်နိုင်ရေး စီမံကိန်းရေးဆွဲခြင်း၊ စီမံချက်ချမှတ်ခြင်းများ စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သီးလှည့်စနစ်အောင်မြင်စွာကျင့်သုံးနိုင်စေရန် မျိုးစေ့စနစ်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း။

အဆိုပါ စီမံကိန်းများ ရေးဆွဲရာတွင် ဒေသ ရေမြေရာသီဥတုအရ ဖြစ်ထွန်းနိုင်ခြင်း၊ ဈေးကွက်ရှိခြင်း၊ ဂေဟစနစ်ပြန်လည်ထိန်းညှိပေးနိုင်မှု၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနိုင်မှု၊ ပိုးမွှားရောဂါများ၏ သံသရာကို ဖြတ်တောက်ပေးနိုင်ရေး စသည့် အချက်များကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ယခုအခါ နိုင်ငံတကာတွင် စပါးအပြီး အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးခြင်းသည် အထူးရေပန်းစားလျက်ရှိကြောင်း၊ စပါးအပြီးမည်သည့်သီးနှံကို စိုက်ပျိုးလုပ်ကိုင်သည်ဖြစ်စေ ဖြည့်စွက်ရေ နှစ်ကြိမ်ခန့်ပေးသွင်းနိုင်ရေး အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် အရင်းကျေသီးနှံများကို ကန်သင်းနှင့်စိုက်ခင်းဘေးပတ်လည်တွင် စိုက်ပျိုးရေးနှင့် သစ်စိမ်းမြေဩဇာသီးနှံများကိုလည်း သင့်တော်သည့် နည်းလမ်းဖြင့် ထည့်သွင်းစိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ နေကြာသီးနှံကို မိမိမျိုးမိမိထုတ်သည့်စနစ်ဖြင့် တောင်သူများကိုယ်တိုင် မိမိစိုက်ခင်းမှ စံပွင့်များအား မျိုးခံမျိုးချန်သည့်စနစ်အား နှစ်စဉ်ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် ဦးစီးဌာနများမှတာဝန်ရှိသူများ၊ သုတေသီများ၊ ပျဉ်းမနား၊ လယ်ဝေးနှင့် သီရိ(၅) မြို့နယ်တို့မှ တောင်သူများနှင့်အတူ ဆင်းရွှေကြာ-၂ နေကြာမျိုးစေ့ထုတ်စိုက်ခင်းအတွင်း မျိုးခံမျိုးချန်အသုံးပြုနိုင်မည့် စံပွင့်များကိုကြည့်ရှုကြပြီး တောင်သူကြီးများ၏ မေးမြန်းချက်များအပေါ် ဒုတိယဝန်ကြီးနှင့်ပညာရှင်ဝန်ထမ်းများကဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

စစ်ချီသီချင်း

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲ၇ံစွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

စစ်သည်တေးသီချင်း

၁။ **တွဲလက်မြစေ ညီအစ်ကိုတွေ** ပထမဆု
ထားရု

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

ကဗျာ(ဝါသနာရှင်)

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဇွဲကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ် မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ဘည်းမော်ကွန်း တည်စေဩန်း** အထူးဆု(၃)
ရွှေလေးခင်

ကဗျာ(အလွတ်တန်း)

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိနိုတိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ဘည်းမော်ကွန်း ပေါ်ထွန်းမွေးမြူ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

ဝတ္ထုတို(ဝါသနာရှင်)

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္ဓိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

ဝတ္ထုတို(အလွတ်တန်း)

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဇာတိသွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမွေမှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

မှတ်ချက်။ ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ငပုတောမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံလျာထားဧက ၈၉၀၁ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်

ငပုတော မတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံလျာထားဧက ၈၉၀၁ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဆန်းဝင်း၏ပြောဆိုချက်အရ သိရသည်။

ငပုတောမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံလျာထားဧက ၈၉၀၁ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဆောင်းသီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆောင်းသီးနှံတွေကို ပြီးခဲ့တဲ့နိုဝင်ဘာလကနေ စတင်စိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံဧက ၉၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲတွေ ပြန်လည်သိမ်းဆည်းတဲ့အချိန်ထိ လိုအပ်တာတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာပါ။ သက်ဆိုင်ရာဌာနတွေကလည်း တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ကဏ္ဍအလိုက် အားဖြည့်ကူညီပေးနေပါတယ်" ဟု ဦးဆန်းဝင်းကပြောသည်။



ငပုတောမြို့နယ်၌ စိုက်ပျိုးထားသည့် ပဲမျိုးစုံလျာထားဧကများမှာ ပဲတီစိမ်း ၁၈၃၇ ဧက၊ မတ်ပဲ ၂၃၀၂ ဧက၊ ဗိုလ်ကိတ်ပဲ ၄၇၆၂ ဧက စုစုပေါင်း ၈၉၀၁ ဧကဖြစ်ကြောင်း၊ အဆိုပါပဲများ ဖျက်ပိုးမကျရောက်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိပြီး ဒေသတွင်းစားသုံးမှုဖူလုံစေရန် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတကျော်

ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မြဝတီ မတ် ၁၄

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြဝတီမြို့နယ် ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို မတ်လ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ မှန်ကန်စွာဖြည့်သွင်းထားခြင်းရှိ/မရှိကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘိုတဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးအတွက် ငွေကျပ် ၂၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးအတွက် ငွေကျပ် ၆ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကိုသက်

သုံးခွမြို့နယ်ရှိ ဒေါ်မိန်းခလေးပြည်သူ့စာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲကျင်းပ



ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၁၁)ရပ်ကွက် ဓမ္မစေတီလမ်းရှိ ဒေါ်မိန်းခလေး ပြည်သူ့စာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲကို မတ်လ ၁၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဒေါ်မိန်းခလေးပြည်သူ့စာကြည့်တိုက် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး စာကြည့်တိုက်၏သမိုင်းကြောင်းနှင့် စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် ရည်ညွှန်းစာကြည့်တိုက်မှ စာကြည့်တိုက်မှူး မောင်ယဉ်ဝေ(တောင်ဥက္ကလာပ)က စာအုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုအကြံပြုဆွေးနွေးပြီး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲကျင်းပရာ တောင်ဥက္ကလာပမြို့နယ် ရည်ညွှန်းစာကြည့်တိုက်မှ စာကြည့်တိုက်မှူး မောင်ယဉ်ဝေ (တောင်ဥက္ကလာပ) က သုတ၊ ရသ စာအုပ်စာစောင် ၇၀ အား ပေးအပ်လှူဒါန်းရာ ဒေါ်မိန်းခလေးပြည်သူ့စာကြည့်တိုက် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းနှင့်ကော်မတီဝင်များက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ယခုဘဏ္ဍာနှစ်တွင် သရက်မြို့နယ် ပြရေ-ပုထိုးလမ်းပေါ်၌ Box Culvert ပါသော ရေကျော်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

သရက် မတ် ၁၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ရှိ ပြရေ-ပုထိုးလမ်းပေါ်၌ ယခုဘဏ္ဍာနှစ်အတွင်း Box Culvert ပါသော အရှည်ပေ ၂၆၀ ရှိ ရေကျော်တည်ဆောက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"ပြရေ-ပုထိုးလမ်းပေါ်က Box Culvert ပါတဲ့ အရှည် ပေ ၂၆၀ ရှိ ရေကျော်တည်ဆောက်တဲ့လုပ်ငန်းကို ဒီဘဏ္ဍာနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုငွေကျပ်သန်း ၂၆၀ နဲ့ သရက်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ရေကျော်မရှိခင်တုန်းက ဒီနေရာက သဲချောင်းဖြစ်ပါတယ်။ မိုးတွင်းဆိုရင် ချောင်းရေကျတဲ့အထိ စောင့်ဆိုင်းပြီးမှ သွားလာလို့ရပါတယ်။ အခု ရေကျော်တည်ဆောက်ပြီးစီးပြီ ဖြစ်တဲ့အတွက် ချောင်းရေကျတဲ့အထိ စောင့်ဆိုင်းစရာ မလိုဘဲ အလွယ်တကူဖြတ်သန်းသွားလာနိုင်မှာဖြစ်ပါတယ်" ဟု သရက်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်မေမီမိမင်းမြတ်ကပြောသည်။

အဆိုပါရေကျော်ကို သရက်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူးပြီး အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ရေကျော်တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် သရက်မြို့နယ်အတွင်းရှိ ပြရေကျေးရွာနှင့် ပုထိုးကျေးရွာတို့မှ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့အတွက် ရာသီမရွေးအဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်ထုတ်ကုန်များကိုလည်း ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ကွန်ကရစ်ရေကျော်များ တည်ဆောက်ခြင်းများအပြင် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းနှင့် Box Culvert များ တည်ဆောက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

Quality For You

ဗီဂ၅ါ ပလတ်စတစ်လှည်းကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ

အရည်အသွေးမှာ အကောင်းဆုံး ဗီဂ၅ါ

Quality For You

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကို့အသုံးပြုခြင်း

ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ဝဠ-၂၀၁၂၀၅၁၊ ဝဠ-၄၀၂၆၃၃၆၈၊ ဝဠ-၆၉၈၃၅၅၃၃၀

အင်ဂါးခွ သကြားစက်မှုထုတ်လုပ်သည်

အင်ဂါးခွ

INNGAGWA

White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

သဘာဝအခင်းမှ အရသာထူး ဒီဇင်္ဂါကြည်နူး....

ရွှေဒီဦး BLACK TEA (ခရာဝ်တရား)ကို Export Quality စာဆင့်မီမှာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

ရွှေဒီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဒီဦး

ISO 9001:2008 Cert. No.688076 HACCP Cert. No.688429

Tea Mix

Lemon Tea

Black Tea

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅

STARMART MANDALAY Wholesale-၂လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖုံဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁


မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ စက်လှေ (၁)စင်း ပေါ်မှ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၂၂၀)တန်၊ သစ်မာ (၂ ဒသမ ၁၈၀)တန်၊ အခြားသစ် (၃ ဒသမ ၄၃၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၇၃၄၁)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် စက်လှေ (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့၊ အမှတ် (၁၅)ရပ်ကွက်၊ မြတ်တိုးမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၇၇၃၄၃)**ကို သစ်တောဥပဒေအရလည်းကောင်း၊

မတ်လ ၁၄ ရက်တွင် ကလေးမြို့နယ်၊ ပဲဝိုင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် (၂၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆၂) မျိုး၊ လူသုံးကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၉၈၀၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၅)စီး၊ Nissan Diesel Truck (၂)စီး၊ Hino Truck (၁)စီး၊ စက်မှုဇုန်ထုတ် – Tun Hlaing Truck (၁)စီး၊ Nidi Truck (၁)စီး၊ Super Mandalar Truck (၁)စီး၊ Man Tractor Head (၃)စီး၊ Scania Tractor Head (၁)စီး၊ Volvo Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီး၊ Chenglong Tractor Head (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီး၊ Dong Feng Tractor Head (၁)စီး၊ Shacman Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁၀)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၇၆၃၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ်လ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၀၈၆၇၀၅)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဆင်ဖြူကျွန်းမြို့၊ နေပူကန်ကျေးရွာရှိ နေအိမ် ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၁၄

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ နေပူကန်ကျေးရွာရှိနေအိမ် ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စလင်းမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများမလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်/ကျေးရွာများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းသိရှိရသည်။ (၁၀၀)



အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “U Khin Cho” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရွာတော်ကုန်းကျေးရွာနေ ခင်ချိုအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Myint Nwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ မြင့်နွယ်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း သက်ဆိုင်ရာဝဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပရီးမီးယားလိဂ်ပွဲစဉ်(၂၉) စပိန်လာလီဂါပွဲစဉ်(၂၈)နှင့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၆) ပွဲကြိုသုံးသပ်ချက်



မန်စီးတီး Vs ဘရိုက်တန်

ကစားမည့်ရက်/အချိန်
(၁၅-၃-၂၀၂၅ ည ၉:၃၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ဘရိုက်တန် ၂ - ၁ မန်စီးတီး
ဘရိုက်တန် ၀ - ၄ မန်စီးတီး
မန်စီးတီး ၂ - ၁ ဘရိုက်တန်
နောက်ဆုံးကစားတဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်
မန်စီးတီး ဝေး(နိုင်) အိမ်(နိုင်) ဝေး(ရှုံး)
ဘရိုက်တန် အိမ်(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

ပြီးခဲ့တဲ့ပွဲစဉ်က နော်တင်ဟမ်အသင်းကိုရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရုန်းကန်နေရတဲ့ မန်စီးတီးအသင်းအနေနဲ့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ခြေချော်လို့မဖြစ်တော့ပါဘူး။ မန်စီးတီးအသင်းက အဆင့်(၅)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် နယူးကာဆယ်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အပြိုင်ဖိအားပေးနေလို့ အခုပွဲစဉ်မှာ ဘရိုက်တန်အသင်းကိုအနိုင်ရယူဖို့လိုအပ်နေပါတယ်။ မန်စီးတီးအသင်းအတွက် ဒီဘောလုံးရာသီမှာ ချန်ပီယံဆုလက်လွှတ်ခဲ့ရလို့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်သာ လက်ကျန်ပွဲစဉ်တွေမှာ ဦးတည်နိုင်မှာပါ။ မန်စီးတီးအသင်းက ဘရိုက်တန်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်တွေမှာ ပြီးခဲ့တဲ့ပထမအကျော့ပွဲစဉ်နဲ့ ၂၀၂၁ ခုနှစ်က တစ်ကြိမ် နှစ်ကြိမ်သာရှုံးနိမ့်ခဲ့ဖူးပါတယ်။

ဘရိုက်တန်အသင်းက နောက်ဆုံးကစားတဲ့ ငါးပွဲဆက်နိုင်ပွဲရရှိထားပြီး ပုံစံကောင်းတွေပြသထားတယ်ဆိုပေမယ့် မန်စီးတီးအသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိတာကိုတော့ သတိထားရမှာပါ။ ဘရိုက်တန်အသင်းအတွက်ကလည်း အဆင့်(၇)နေရာမှာ ရပ်တည်နေပြီး အဆင့် (၄) နေရာက ချယ်လ်ဆီးအသင်းနဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေလို့ မျှော်လင့်ချက်ရှိနေတယ်ဆိုပေမယ့် အခု အဝေးကွင်းပွဲစဉ်မှာတော့ ရုန်းကန်ရမှာပါ။ ဘရိုက်တန်အသင်းအတွက် မန်စီးတီးအသင်းအိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း တစ်ပွဲမှနိုင်ပွဲရယူနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရလို့ အခုပွဲစဉ်မှာလည်း မန်စီးတီးအသင်းအိမ်ကွင်းမှာ ရုန်းကန်ရပါလိမ့်မယ်။ ဘရိုက်တန်အသင်းက အိမ်ကွင်းမှာသာ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမယ့် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းမှာ ၁၄ ပွဲကစားပြီးချိန် ခြောက်ပွဲသာ အနိုင်ရရှိထားပြီး လေးပွဲသရေရလဒ်နဲ့ လေးပွဲ ရှုံးနိမ့်ထားလို့ စိတ်ချလို့မရပါဘူး။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ မန်စီးတီးအသင်းက ၁၃ ကြိမ် အနိုင်ရရှိထားပါတယ်။ ဘရိုက်တန်အသင်းက နှစ်ကြိမ်အနိုင်ရရှိပြီး တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အခုပွဲစဉ်မှာ ခြေစွမ်းက ကွာခြားမှုမရှိဘူးဆိုပေမယ့် ကစားသမားစုဖွဲ့မှုပိုင်းနဲ့ အိမ်ရှင်အားသာချက် အသာစီးမှာရှိနေတဲ့ မန်စီးတီးအသင်းပဲ အိမ်ကွင်းမှာ အနိုင်ရယူပါလိမ့်မယ်။

ခန့်မှန်းရလဒ် - မန်စီးတီး ၂ - ၁ ဘရိုက်တန်

ဗီလာရီးယဲလ် Vs ရီးယဲလ်မက်ဒရစ်

ကစားမည့်ရက်/အချိန်
(၁၅-၃-၂၀၂၅ ည ၁၂:၀၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ရီးယဲလ်မက်ဒရစ် ၂ - ၀ ဗီလာရီးယဲလ်
ဗီလာရီးယဲလ် ၄ - ၄ ရီးယဲလ်မက်ဒရစ်
ရီးယဲလ်မက်ဒရစ် ၄ - ၁ ဗီလာရီးယဲလ်
နောက်ဆုံးကစားတဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်
ဗီလာရီးယဲလ် အိမ်(သရေ) ဝေး(နိုင်) ဝေး(ရှုံး)
ရီးယဲလ်မက်ဒရစ် အိမ်(နိုင်) အိမ်(နိုင်) ဝေး(ရှုံး)

ဗီလာရီးယဲလ်အသင်းအတွက် ဥရောပဝင်ခွင့်တစ်နေရာ မျှော်လင့်ချက်ရှိနေလို့ လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်တွေလိုအပ်နေတယ်ဆိုပေမယ့် အခုပွဲစဉ်မှာ ပြိုင်ဘက်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းဖြစ်နေလို့ခက်ခဲနေမှာပါ။ ဗီလာရီးယဲလ်အသင်းရဲ့ ဒီဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ၁၂ ပွဲ ကစားပြီးချိန်မှာ ငါးပွဲသာ အနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ခဲ့လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကျေနပ်စရာမကောင်းပါဘူး။ လက်ရှိ ဗီလာရီးယဲလ်အသင်းရဲ့ ခြေစွမ်းပိုင်းကလည်း အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ရင်ဆိုင်ရမှာဖြစ်လို့ ခက်ခဲနေမှာအမှန်ပါပဲ။ ဗီလာရီးယဲလ်အသင်း ခံစစ်ပိုင်းက ၂၆ ပွဲ ကစားပြီးချိန်မှာ ၃၆ ဂိုးပေးထားရလို့ ခံစစ်ပိုင်းစွမ်းဆောင်ရည် ကျဆင်းနေတာတွေ့ရမှာပါ။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ပြီဖြစ်လို့ ပြည်တွင်းလိဂ်ဘက်ကို အပြည့်အဝပြန်ပြီး အာရုံစိုက်လာပါလိမ့်မယ်။ လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ ရမှတ်တူညီနေပြီး အဆင့်(၂)နေရာမှာ ရပ်တည်နေသလို အဆင့်(၃) နေရာက အက်သလက်တီကိုအသင်းနဲ့လည်း ရမှတ်တစ်မှတ်သာကွာဟနေပြီး ချန်ပီယံဆုအတွက် သုံးသင်းအားပြိုင်နေရလို့ လက်ကျန်ပွဲစဉ်တွေအားလုံး ရမှတ်မဆုံးရှုံးဖို့အတွက် လိုအပ်နေပါတယ်။ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းခြေစွမ်းပိုင်းကလည်း အဝေးကွင်းဆိုပေမယ့် ဗီလာရီးယဲလ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ကစားနိုင်စွမ်းရှိနေပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေလို့ ဗီလာရီးယဲလ်အသင်းခံစစ်ပိုင်းထိန်းချုပ်ရခက်ခဲနိုင်ပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းက ၁၃ ကြိမ်အနိုင်ရရှိထားပါတယ်။ ဗီလာရီးယဲလ်အသင်းက လေးကြိမ်သာ အနိုင်ရရှိပြီး ၁၁ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ကစားသမားစုဖွဲ့မှုပိုင်း အသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းပဲ အဝေးကွင်းမှာ နိုင်ပွဲရယူပြီး ချန်ပီယံဆုအတွက် ဖိအားပေးသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- ဗီလာရီးယဲလ် ၁-၃ ရီးယဲလ်မက်ဒရစ်

လိုက်ပဇစ် Vs ဒဲ့ဗွန်

ကစားမည့်ရက်/အချိန်
(၁၅-၃-၂၀၂၅ ည ၁၂:၀၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ဒဲ့ဗွန် ၂ - ၁ လိုက်ပဇစ်
လိုက်ပဇစ် ၄ - ၁ ဒဲ့ဗွန်
ဒဲ့ဗွန် ၂ - ၃ လိုက်ပဇစ်
နောက်ဆုံးကစားတဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်
လိုက်ပဇစ် အိမ်(နိုင်) အိမ်(ရှုံး) ဝေး(သရေ)
ဒဲ့ဗွန် အိမ်(သရေ) အိမ်(ရှုံး) ဝေး(နိုင်)

လိုက်ပဇစ်အသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်မျှော်လင့်ချက်ရှိနေတယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရပါတယ်။ လိုက်ပဇစ်အသင်းက နောက်ဆုံးကစားတဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ လိုက်ပဇစ်အသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း အိမ်ကွင်း ၁၂ ပွဲမှာ ခြောက်ပွဲအနိုင်ရရှိပြီး လေးပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းမှာတော့ ကျေနပ်စရာပါပဲ။ ဒါပေမဲ့ လိုက်ပဇစ်အသင်းမှာ အဓိကအားထားနေရတဲ့ ကစားသမားတချို့ဒဏ်ရာရရှိနေလို့ အသင်းတိုက်စစ်ပိုင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရုန်းကန်နေရပြီး အခုပွဲစဉ်မှာလည်း အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရဖို့ရှိနေပါတယ်။

ဒဲ့ဗွန်အသင်းကလည်း အဆင့်(၁၀)နေရာမှာ ရပ်တည်နေလို့ လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်တွေရှိနေပါတယ်။ ဒဲ့ဗွန်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်နိုင်ခဲ့ပြီဖြစ်လို့ ပြည်တွင်းလိဂ်ပွဲစဉ်တွေဘက်ကို သေချာပြန်ပြီး အာရုံစိုက်လာပါလိမ့်မယ်။ ဒဲ့ဗွန်အသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ နည်းပြသစ်လက်အောက် ရလဒ်ပိုင်းတွေပြန်လည်ကောင်းမွန်နေလို့ အခုပွဲစဉ်မှာလည်း လိုက်ပဇစ်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်မှာပါ။ ဒဲ့ဗွန်အသင်းက ယခုဘောလုံးရာသီအစပိုင်း အဝေးကွင်းပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရတယ်ဆိုပေမယ့် နောက်ပိုင်းအဝေးကွင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတာကို တွေ့ရပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဒဲ့ဗွန်အသင်းက ကိုးကြိမ်အနိုင်ရရှိထားပါတယ်။ လိုက်ပဇစ်အသင်းက ရှစ်ကြိမ်အနိုင်ရရှိပြီး နှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းမှာလည်း ဒီနှစ်သင်းကြားကွာဟမှုမရှိဘူးဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတဲ့ ဒဲ့ဗွန်အသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - လိုက်ပဇစ် ၁ - ၂ ဒဲ့ဗွန်

ပရီးမီးယားလိဂ်ပွဲစဉ်(၂၉)

အဲဗာတန် - ဝက်စ်ဟမ်း
အစ်ဝှစ်ချ် - နော်တင်ဟမ်
ဆောက်သမ်တန် - ဝုဗ်
ဘုန်းမောက်စ် - ဘရန့်ဖို့ဒ်

စပိန်လာလီဂါပွဲစဉ်(၂၈)

ဗယ်လာဒိုးလစ် - ဆယ်လ်တာဗီဂို
မာယောဲ့ကာ - အက်စ်ပန်ညို
ဂီရိုနာ - ဗလင်စီယာ

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၆)

အော့စ်ဘတ် - ဝုဖ်ဘတ်
မိန့်ဓ် - ဖရိုင်းဘတ်
ယူနီယံဘာလင် - ဘိုင်ယန်မြူးနစ်
ဝါဒါဘရီမင် - ဂလာဘတ်

စည်သူအောင်





*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

ပြောက်ဆုံးကြောင်း

မာလာစိုး(ဘ)ဦးအောင်ကျော်အေး ၁၁/မအန(နိုင်)၀၄၁၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၅၁၁၇၀၆

ပြောက်ဆုံးကြောင်း

သက်မင်းထွေး(ဘ)ဦးအောင်မြင့် ၁၄/ရုကန(နိုင်)၁၁၉၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 559391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၂၁၇၄၄၄၉

ပြောက်ဆုံးကြောင်း

ထက်ထက်ထွေး(ဘ)ဦးမြဝင်း ၁၂/ဆကခ(နိုင်)၀၁၉၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 012182)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၆

ပြောက်ဆုံးကြောင်း

၀င်းလှိုင်ဦး(ဘ)ဦးမြင့်ဦး ၁၂/သကတ(နိုင်)၁၄၆၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၆

ပြောက်ဆုံးကြောင်း

ကျုံးနီတိလ်(ဘ)ဦးထန်ကြီး ၅/ကလထ(နိုင်) ၁၉၀၁၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၅၇၁၇၈၀၀

ပြောက်ဆုံးကြောင်း

၀၀ဝေလွင်(ဘ)ဦးညီ ၈/မလန(နိုင်)၀၉၃၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 800807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၁၈၈၃၂၆

ပြောက်ဆုံးကြောင်း

ကျော်ဝေဦး(ဘ)ဦးသောင်းရွှေ ၇/ပတန(နိုင်)၁၁၇၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၃၀၉၈၄၆၆

ပြောက်ဆုံးကြောင်း

မရွယ်အောင်(ဘ)ဦးကရိုင်လ ၁/မကန(နိုင်)၁၆၃၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၅၁၆၂၄

မွေးသက္ကရာဇ်အမှုန်

ပဲခူးမြို့နေ ဒေါ်နွယ်နီနိုင် (ဘ)ဦးသိန်းကြည် ၇/ပခန(နိုင်)၀၀၅၅၃၃ ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှုန်မှာ ၂၂-၃-၁၉၆၉ ဖြစ်ပါကြောင်း။

၂၂-၃-၁၉၆၉

ပြောက်ဆုံးကြောင်း

အောင်ထက်(ဘ)ဦးသောင်းဆိုင်၇/ပခန(နိုင်)၃၆၉၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၉၃၉၆၄၀

ပြောက်ဆုံးကြောင်း

သက်ထားအောင်(ဘ)ဦးအောင်သန်းဝိုင် ၁၂/သဃက(နိုင်)၀၄၀၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၁၄၉၈၃

ပြောက်ဆုံးကြောင်း

မြဝေ(ဘ)ဦးအောင်မြထွန်း ၁၁/ကတန(နိုင်)၁၇၈၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 664280)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၇၈၉၀

ပြောက်ဆုံးကြောင်း

သက်နိုင်ဝင်း(ဘ)ညွှန့်ထွန်း ၁၂/ကတန(နိုင်)၀၈၀၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 942519)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၈၆၂၄၄၄

ပြောက်ဆုံးကြောင်း

နိုင်စပါယ်(ဘ)ဦးမျိုးလွင် ၅/တမန(နိုင်)၀၇၇၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၁၉၈၃၆၄

ပြောက်ဆုံးကြောင်း

အိဇ္ဇော်(ဘ)ဦးစိုးဦး၇/သဝတ(နိုင်)၁၃၅၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၆

ပြောက်ဆုံးကြောင်း

မအေးမြင့်(ဘ)ဦးအိုက်ဆန် ၉/ဇကန(နိုင်)၁၉၉၃၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၆

ပြောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဇွသိရိမြို့နယ်၊ ညောင်လူးကျေးရွာနေ မောင်သိန်းထိုက်အောင်(ဘ)ဦးမြင့်ဆွေ၉/ပဗသ(နိုင်)၀၀၆၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၀၁၀၉၉၃၀၉၃

ပြောက်ဆုံးကြောင်း

မိုးမိုးအေး(ဘ)ဦးတင်သိန်း ၁၄/ကပန(နိုင်)၂၂၅၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 358356)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၃၃၉၇၂၂၃၃

ပြောက်ဆုံးကြောင်း

မတိန့်လွမ့်(ဘ)ဦးခေါတိန့် ၁/ပဝန(နိုင်)၀၀၀၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၈၈၁၄၁

ပြောက်ဆုံးကြောင်း

မထုလွမ်း(ဘ)ဦးနော်ဂျာ ၁/ဒဖယ(နိုင်)၀၀၅၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၈၈၁၄၁

ပြောက်ဆုံးကြောင်း

အောင်ကျော်သူ(ခ)ရင်ကြားဟောင်(ဘ)ဦးထွန်းရွှေသဉ်/ကခန(နိုင်)၀၈၄၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၅၁၁၇၀၆

ပြောက်ဆုံးကြောင်း

နိုင်မိုးသွယ်(ဘ)ဦးမျိုးထွန်း ၇/၀မန(နိုင်)၁၉၅၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 792558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၅၁၁၇၀၆

ပြောက်ဆုံးကြောင်း

ဝေဦးကိုကို(ဘ)ဦးမျိုးဝင်းညွှန့် ၁၀/မလမ(နိုင်)၂၅၄၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၇၆၄၁၀၅

ပြောက်ဆုံးကြောင်း

ဇင်လင်းမွန်မွန်(ဘ)ဦးဝင်းနိုင် ၁၂/လသယ(နိုင်)၀၅၇၁၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၁၈၈၃၂၆

ပြောက်ဆုံးကြောင်း

ချိုလှိုင်အေး(ဘ)ဦးသာထွန်းအေး ၁၁/စတန(နိုင်)၁၁၈၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၆

ပြောက်ဆုံးကြောင်း

မရင်သန်း(ဘ)ဦးချစ်လှိုင် ၁၂/သခန(နိုင်)၀၀၅၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 873100)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၀၃၄၄၇၇

ပြောက်ဆုံးကြောင်း

(ဖ)ရဝ်ကွက်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ BL-63114 နေ ဒေါ်ဆန်း(ဘ)ဦးတင်အေး၅/ဘတလ(နိုင်)၀၅၈၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 634269)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅၆

ပြောက်ဆုံးကြောင်း

ဝင်းဝင်းနိုင်(ဘ)ဦးကြည် ၁၄/၀ခမ(နိုင်)၁၂၇၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 386195)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၃၃၅၅၆

မွေးသက္ကရာဇ်အမှုန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၄)၊ Grade-9 မှ ဦးစိန်ဝင်း၏သမီး မမျိုးအိမ်စည်၏ မွေးသက္ကရာဇ်အမှုန်မှာ(၃၀-၄-၂၀၀၉)ဖြစ်ပါကြောင်း။

(၃၀-၄-၂၀၀၉)

မွေးသက္ကရာဇ်အမှုန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၄)၊ Grade-9 မှ ဦးရဲထွဋ်ဝင်း၏သား မောင်ဘုန်းထွဋ်မြတ်၏ မွေးသက္ကရာဇ်အမှုန်မှာ(၆-၈-၂၀၀၉)ဖြစ်ပါကြောင်း။

(၆-၈-၂၀၀၉)

ပြောက်ဆုံးကြောင်း

ခင်မျိုးနွယ်(ဘ)ဦးသောင်းခင် ၁၂/မဂဒ(နိုင်)၀၄၄၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 138364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၃၁၆၇၉၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ ခု (ဖြေလမှမတ်လ) ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် လမ်းလုပ်ငန်းများ၊ ရေမြောင်းလုပ်ငန်းများနှင့် Precast စက်ရုံတို့တွင် အသုံးပြုရန်အတွက်လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူသွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်းများ – (၁) ကတ္တရာအရည်ပြည့်(၆၀/၇၀)Drum Type ဝယ်ယူခြင်း
(၂) လုပ်ငန်းသုံးကျောက်မျိုးစုံဝယ်ယူခြင်း
(၃) Ready Mix Concrete ဝယ်ယူခြင်း
(၄) AC Plant ၏ Spare Parts ပစ္စည်းများဝယ်ယူခြင်း
(၅) အုတ်ဝယ်ယူခြင်း
(၆) Thermoplastic Power & Glass Bead ဝယ်ယူခြင်း
(၇) Bulk Cement Powder ဝယ်ယူခြင်း

(ခ) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၁၉-၃-၂၀၂၅)

(ဂ) တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက် – (၂၃-၄-၂၀၂၅)

(ဃ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန် – (၂၄-၄-၂၀၂၅) နံနက်(၉:၃၀)မှ (၁၆:၃၀)

(င) တင်ဒါတစ်စောင်စျေးနှုန်း – အမှတ်စဉ်(၁)အတွက် ငွေကျပ် ၅၀၀၀၀/-နှုန်း
အမှတ်စဉ်(၂)အတွက် ငွေကျပ် ၃၀၀၀၀/-နှုန်း
အမှတ်စဉ်(၃၊ ၄၊ ၅၊ ၆၊ ၇)အတွက် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-နှုန်း

၂။ ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၉-၄၃၁၁၈၁၂၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

"Value Growth Consulting Ltd" မြန်မာနိုင်ငံလူမွေခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "Value Growth Consulting Ltd" ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၀-၂-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၉၆/ခ)၊ စပယ်ခြံ(၄)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၈-၃-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသိန်းလွင်
မန်နေးဂျင်းဒါရိုက်တာ
Value Growth Consulting Ltd ၏
ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
(B.Com,C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ
ဖုန်း-၀၉-၅၁၂၅၉၈၅၅

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၃-၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၀၈၀	၃၁၀၅	၃၁၆၀	၃၀၉၅	၃၂၀၀	၃၂၁၅	၃၂၀၅	၃၁၅၀	၄၅၀၅	၃၄၄၅	၃၁၀၀	၃၁၀၀	၃၂၄၀	၃၂၀၅	၃၂၂၅	၃၄၈၅
95 Ron	၃၁၃၅	၃၂၅၀	၃၂၁၅	၃၁၅၀	၃၂၅၅	၃၂၇၀	၃၂၈၅	၃၂၈၅	၄၅၆၀	၃၅၀၀	၃၂၂၀	၃၂၂၅	၃၂၆၅	၃၂၈၀	၃၂၈၀	၃၅၃၅
HSD (500 ppm)	၂၆၅၅	၂၇၃၀	၂၇၃၅	၂၆၇၀	၂၇၀၅	၂၇၀၀	၂၈၁၀	၂၇၂၅	-	၃၀၂၀	၂၇၄၅	၂၇၄၅	၂၈၁၀	၂၇၈၀	၂၈၀၅	၃၀၆၀
HSD (50 ppm)	၂၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	၄၈၃၀	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၀	၃၄၃၀	၃၄၃၅	၃၆၉၀
HSD (10 ppm)	၂၂၈၅	၃၄၀၀	၃၃၆၅	၃၃၀၀	၃၄၀၅	၃၄၂၀	၃၄၄၀	၃၃၅၅	-	၃၆၅၀	၃၃၇၅	၃၃၇၅	၃၄၄၀	၃၄၃၀	၃၄၃၅	၃၆၉၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၁၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၁၂

စက်သုံးဆီတင်သွင်းသို့လျော့ငြဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၀၅	၃၀၀၁
95 Ron	၂၉၆၁	၃၀၅၃
HSD (500 ppm)	၂၄၉၇	၂၅၇၇
HSD (50 ppm)	၃၀၀၈	၃၂၀၀
HSD (10 ppm)	၃၀၀၈	၃၂၀၀

❖ **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို . . .**

❖ **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတိုးတက်ပြောင်းလဲလာမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့် အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အား ကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

မန်းရွှေစက်တော်ရာဘုရား၌ တပေါင်းလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့်စည်ကား



မင်းဘူး မတ် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား၌ မတ်လ ၁၃ ရက် (တပေါင်းလပြည့်နေ့)က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားခဲ့ကြောင်း မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့မှသိရသည်။

မန်းရွှေစက်တော်ရာ ဘုရားပွဲတော် ကျင်းပစဉ်ကာလတစ်လျှောက် တပေါင်းလပြည့်နေ့သည် နှစ်စဉ်အစည်ကားဆုံးဖြစ်ကာ ယခုနှစ် တပေါင်းလပြည့်နေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ၊ ရွှေသင်္ကန်းများ ကပ်လှူပြီး ဥပုသ်သီလဆောက်တည်ကြသူများ၊ အလှူအတန်းပြုလုပ်ကြသူများ အပြင် မျောက်စာကျွေးပြီး မန်းချောင်းအတွင်း ရေချိုးအပန်းဖြေအနားယူရင်း လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ❑

နွေကာလတွင်ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များတဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိတိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ဆောင်းပါး

ကမ္ဘာကြီးကိုပိုင်စိုးဖို့ ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့

စာ - ၁၃ သို့

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၅ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၆၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

စာ - ၁၄ သို့

